


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# ငါ့သေရင် ၊ သပိတ်မသွတ်နဲ့

ဟောကြားသောနေ့
( ၁၃ ၊ ၁၀ ၊ ၆၂ )

၁၂၉

0165

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ငါသေရင် သပိတ်မသွတ်နဲ့

(၁၁-၁၀-၆၂)

THITSARPARAMI LIBRARY
Date ..........

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားသောတရားတော်

# ငါ့သေရင်သပိတ်မသွတ်နဲ့

(၁၃-၁၀-၆၂)

သီတင်းကျွတ်ပြီဆိုတာ ဒကာ ဒကာမတွေ အားလုံးပဲ သိကြပါတယ်၊ သီတင်းကျွတ်တာသည် ဒကာဒကာမတို့ ဘာဖြစ်လို့ ကျွတ်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ သီတင်းကျွတ်တယ်ဆိုတာ လ၏ အထိမ်းအမှတ်သာ ဖြစ်တယ်။

ဒကာ ဒကာမတွေ၌ ဘယ်လိုများ ဝမ်းသာစရာပဲလား၊ အလုပ်မပြည့်စုံသေးလို့ရှိရင် ဝမ်းနည်းစရာပဲလားလို့ မေးလို့ရှိရင်ဖြင့်တဲ့ ဒကာကြွယ်တို့ ဦးလှဘူးတို့ မောင်ဘသော်တို့ မှတ်စရာက ဩော်. . . သေခါနီးဖြစ်သွားတာဟေ့. . . (မှန်လှပါဘုရား)။

## သီတင်းကျွတ်တာဘာပါလိမ့်

သီတင်းကျွတ်တာ ဘာပါလိမ့်. . . (သေခါနီး

ဖြစ်သွားတာပါဘုရား) သေသေချာချာမှတ်ပါ ဒကာဒကာမတွေ သီတင်းကျွတ်တာ ဒကာဒကာမတွေကလည်း မီးတွေထွန်းကြလို့ ဆရာသမားတွေ ကန်တော့ရလို့ ဝမ်းသာလှတယ်ဆိုတာတော့ ကန်တော့တဲ့ စေတနာတွေကတော့ ဝမ်းသာရတာ အမှန်ပါပဲ. . . (မှန်ပါ့)

သို့သော် ခန္ဓာကတော့ သီတင်းမကျွတ်ခင် ဝါဆိုဦးကပင် ခုသေဖို့ရာ နီးသွားတယ်။ (မှန်ပါ့) ဒကာကြွယ် သေဖို့ရာ နီးသွားတယ်. . . (နီးပါတယ်ဘုရား)။

အဲတော့ သေဖို့ရာ နီးသွားတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဒကာ ဒကာမတို့ မသေရာ ရှာဖို့ရာ အလုပ်ဟာလဲ ခရီးရောက်ထားဖို့ အရေးကြီးတယ်. . . (မှန်လှပါ)။

လူတိုင်းဟာလည်း အတိတ်က ဆုတောင်းကြောင့် အတိတ်က အဝိဇ္ဇာ သင်္ခါရတွေ ကျုပ်တို့က မကျော်လွှားနိုင်တာနဲ့ ယခု ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ဒုတိယအကွက် ရောက်ပြီးသကာလ နေတော့ ဇာတိ၊ ဇရာ၊ မရဏကလည်း လာရတော့မှာပဲ. . . (မှန်လှပါဘုရား)။

ထိုကဲ့သို့ လာရငြားသော်လည်းတဲ့၊ ဒီတစ်ခါသာ ဆုတောင်းမှား၊ အလုပ်မှားကြောင့်၊ သစ္စာမသိလို့ မှားခဲ့သောကြောင့် သေပွဲဝင်မဟာ!

မသေရာရှာတဲ့ အလုပ်ကိုဖြင့် အထမြောက်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်ကို သီတင်းကျွတ်သွားတာသည်ကား လို့ ဆိုရင်သေခါနီး ဖြစ်ငြားသော်လည်း၊ မသေရာရှာတဲ့ အလုပ်ကိုဖြင့် သိရလို့လည်း ဝမ်းသာ. . . (မှန်လှပါ)။

အထမြောက်လို့လည်း ဝမ်းသာကြပါဆိုတဲ့ဥစ္စာ သတိပေးလိုက်တယ်. . . (မှန်ပါ့)။

## ဘာမှစိုးရိမ်စရာမရှိဘူး

ဩော်. . . ဘုန်းကြီး ဒကာဒကာမတွေ ဒါဖြင့် မသေရာကို ဒုတိယဘဝရောက်တော့မှာလားဆိုတော့၊ သစ္စာ သိပြီးသား ပုဂ္ဂိုလ်ကတော့ဖြင့် သစ္စာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာဖြစ်လေသောကြောင့် ဒီ ဒကာဒကာမတွေ ဘာမှ စိုးရိမ်စရာ မရှိဘူး။

မဂ္ဂသစ္စာက မသေရာသာ တွေ့တယ်. . . (မှန်ပါ့) မဂ္ဂသစ္စာက. . . (မသေရာသာ တွေ့ပါတယ်ဘုရား)။

အဲတော့ စကားတစ်လုံး ဆရာဘုန်းကြီးက "သစ္စာ တွေချည့်ပဲပြောနေတော့ သစ္စာသိပါပြီ သစ္စာက ဒုက္ခသစ္စာ (မှန်လှပါ) သိတာက. . . (မဂ္ဂသစ္စာပါဘုရား)။

အဲတော့ မဂ္ဂသစ္စာက ဝမ်းထဲရောက်ပြီးသကာလ နေတော့ ဩော်. . . အမှုမဲ့ အမှတ်မဲ့နေတဲ့ ပုဂ္ဂိုလ်ကတော့ သေရာသွားတာပဲ. . . (မှန်ပါ့)။

ဒို့ကတော့ဖြင့် မသေရာ အထမြောက်နေပြီလို့ ဝမ်းသာလိုက်စမ်းပါ. . . (မှန်လှပါဘုရား)။ မသေရာ အထမြောက်နေပြီလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဝမ်းသာလိုက်ပါ. . . (မှန်ပါ့)။

သစ္စာသိပြီးရင် ဘာမှ မစိုးရိမ်ပါနဲ့. . . (မှန်ပါ့) သစ္စာမသိလို့ ငါဘုရား သံသရာရှည်ခဲ့တယ်ဆိုတဲ့အတိုင်း၊ သစ္စာသိတဲ့ ဒကာဒကာမတွေကျတော့ အဲဒီသိတဲ့ဉာဏ်က ဒကာ ဒကာမတွေသိတာက သာမည သိတာမှ မဟုတ်ပဲ။

ခန္ဓာကိုယ်ကြီးက ဒုက္ခသစ္စာ၊ ခဏ ခဏဖြစ်ပျက်နေ ဘာလည်း ဒုက္ခသစ္စာ၊ ဟိုဘေးဒီဘေးမြင်၊ အိုဘေး၊ နာဘေး သေဘေးတွေက နှိပ်စက်နေတာ ဒုက္ခသစ္စာ၊ နေပူလေပူတွေ က နှိပ်စက်နေတာ ဒုက္ခသစ္စာ။

## သုဂတိမှတစ်ပါးဘယ်မှမရောက်

ကိလေသာတွေက နှိပ်စက်လို့ ခန္ဓာကြီးက ခံနေရ တာလည်း ဒုက္ခသစ္စာ. . . (မှန်လှပါဘုရား) ဤကဲ့သို့ သစ္စာ သိတဲ့ဉာဏ်နဲ့ ဒကာဒကာမတွေ သေတော့ကို သုဂတိမှ တစ်ပါး ဘယ်မှမရောက်ဘူးလို့ ဆုံးဖြတ်ချက်ချ. . . (မှန်လှ ပါဘုရား)။

သုဂတိမှတစ်ပါး. . . (ဘယ်မှမရောက်ပါဘုရား)။ ဘယ်မှမရောက်တော့ဘူးဆိုတာဖြင့် စကားတစ်လုံး နာရတဲ့ အတွက်တဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ အားပေးစကား ပြောတယ်လို့ မယူပဲနဲ့ အမှန်စကား ပြောတယ်လို့ ဆုံးဖြတ် ချက် ချပါ. . . (မှန်လှပါဘုရား)။

အားပေးစကားက တစ်မျိုးပါနော်. . . (မှန်လှပါ) အမှန်စကားက တစ်မျိုးပါ. . . (မှန်လှပါ)။

ဒါကြောင့် အမှန်ပြောတဲ့ စကားဖြစ်လေသော ကြောင့်၊ တရားဖြစ်လေသောကြောင့် ဒကာကြွယ် သေရမှာ ဘာမှ မကြောက်နဲ့. . . (မှန်လှပါဘုရား)။

သေခါနားနီးတာအမှန်ပဲ. . . (မှန်လှပါဘုရား) နီးပင်နီးငြားသော်လည်း သစ္စာသိပြီးမှ သေရလို့ရှိရင်ဖြင့်တဲ့ ဘုန်းကြီးရှင်းပြမယ်. . . (မှန်လှပါဘုရား)။

သစ္စာသိပြီးသား ပုဂ္ဂိုလ်ဟာတဲ့ ဖြစ်ပျက်မြင်ပြီးသား ပုဂ္ဂိုလ် (မှန်လှပါဘုရား) ဖြစ်ပျက်က ဒုက္ခသစ္စာပဲ. . . (မှန်လှပါ)၊ ဝေဒနာရှုလို့ ဝေဒနာဖြစ်ပျက်ဟာ ဒုက္ခသစ္စာ. . . (မှန်လှပါ)။

စိတ်ရှုလို့ စိတ်ဖြစ်ပျက်ဟာ. . . (ဒုက္ခသစ္စာပါ ဘုရား)၊ အင်း အဲဒီလို ဒုက္ခသစ္စာတွေ ရှုတဲ့အခါမှာ မြင်နေတဲ့ ပုဂ္ဂိုလ်ဟာ သစ္စာသိတဲ့ ပုဂ္ဂိုလ်လို့ မှတ်လိုက်. . . (မှန်လှပါ ဘုရား)။

## ဖြစ်ပျက်သိတဲ့ပုဂ္ဂိုလ် သုဂတိရောက်ပါတယ်

ဖြစ်ပျက်သိတဲ့ ပုဂ္ဂိုလ်ဟာ (ဒုက္ခသစ္စာသိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။ သစ္စာသိတဲ့ပုဂ္ဂိုလ်ပဲလို့ မောင်ဘသော် ဦးလှဘူးတို့၊ ဒကာကြွယ်တို့ မှတ်စရာပေါ့ဗျာ. . . (မှန်ပါ့)။

အဲ. . . ဒါဖြင့် သိတော့သိပြီဘုရား၊ ခပ်ရေးရေးတော့ ဖြင့် တပည့်တော်တို့ ဒိဋ္ဌိဝိစိကိစ္ဆာမင်္ဂနဲ့တကွ မပယ်နိုင်သေး ဘူး ခဏသာ ပယ်နိုင်သေးတယ်ဆိုပြီး 'သကာလ ဝမ်းမနည်း လိုက်ပါနဲ့ (မှန်လှပါဘုရား)။

သစ္စာ သိပြီးသား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် သုဂတိသို့ ရောက်ပါလိမ့်မယ်. . . (မှန်လှပါဘုရား)။ သုဂတိ သို့ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း၊ နတ်သမီးရင်ခွင်ထဲ မှာ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ထိုင်လျှက်ကလေး သွားဖြစ်တယ်. . . (မှန်ပါ့ဘုရား)။

ရင်ခွင်ထဲမှာ၊ ဝမ်းထဲမှာ မဟုတ်ဘူးနော်. . . (မှန်လှပါဘုရား)၊ ရင်ခွင်ပေါ်မှာ ထိုင်လျှက်ကလေးသွားဖြစ် တဲ့ အခါကျတော့ ဒကာ ဒကာမတို့ သစ္စာသိပြီးသား ပုဂ္ဂိုလ် က ဒီမှာအလုပ်လုပ်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်နေလေသောကြောင့် နတ်ပြည်ရောက်ရင် ငါနတ်သမီး၏ ရင်ခွင်ထဲ ရောက်နေ ပါပေါ့လားဆိုတာက မသိသေးဘူးတဲ့. . . (မှန်လှပါ)။

ဩော်. . . ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာ အစုကြီးပါလားဆိုတဲ့ ဉာဏ်က အရင်ပေါ်လာတယ်. . . (မှန်လှပါဘုရား) ဉာဏ်က အရင်ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)။

နတ်ပြည်ရောက်တာက မသိသေးဘူးတဲ့. . . (မှန်လှပါ) ဒကာဒကာမတွေ ဉာဏ်က အရင်ပေါ်လာတယ် (မှန်လှပါဘုရား)။

## နတ်ပြည်ရောက်မှန်းမသိခင် သောတာပန် တည်တယ်

ဒီခန္ဓာ ဘာသစ္စာလို့ ပေါ်လာတုံး. . . (ဒုက္ခသစ္စာလို့ ပေါ်လာပါတယ်ဘုရား) ဒုက္ခသစ္စာလို့ ပေါ်လာသောကြောင့် နတ်ပြည်ရောက်တာ မသိခင် သစ္စာကို အရင်သိတဲ့အတွက် ဒီထဲမှာပဲ ဒကာကြွယ် သောတာပန်တည်တာပဲ. . . (မှန်လှပါဘုရား)။

ဟာ! မြန်လှချည်လားလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မေးလို့ရှိရင်ဖြင့် သစ္စာသိထားတာက လူ့ပြည်က ဆရာဘုန်းကြီး အကူအညီနဲ့ ဒကာ ဒကာမတွေ၏ ဉာဏ်၏ စွမ်းရည် သတ္တိနဲ့ အကူအညီနဲ့ ဉာဏ်စွမ်းရည်သတ္တိနဲ့ နှစ်ယောက်သိထား ကြတယ်. . . (မှန်လှပါဘုရား)။

နှစ်ဖက်သိထားတယ်. . . (မှန်လှပါဘုရား) ဆရာကလည်းပြော ဒကာ ဒကာမတွေကလည်း သိလိုက်တော့ဖြစ်ပျက်ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## ပထမပုဂ္ဂိုလ်

ဟုတ်သားပဲ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲ. . . (မှန်လှပါဘုရား)။ ဒကာ ဒကာမတွေ ဘာတဲ့. . . (ဖြစ်ဒုက္ခ, ပျက်ဒုက္ခပါ ဘုရား)။ ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲဆိုတာ ဒကာ ဒကာမတွေက သိပြီးသကာလနေတော့. . .

ကိုင်း ကံမကောင်း အကြောင်းမသင့်လို့ ကံကုန်သွားတယ်လို့ မောင်ဘသော်ဆိုလိုက်. . . (မှန်လှပါဘုရား)။

သိပြီးသား ပုဂ္ဂိုလ်ကတဲ့ ဒကာကြွယ်တို့ ဦးလှဘူးတို့သုဂတိနဲ့ နတ်ရင်ခွင်ထဲ သွားရောက်ပါတယ်. . . (မှန်လှပါဘုရား)။

ရောက်သည်နဲ့တစ်ပြိုင်နက်တည်း နတ်ပြည်ရောက်မှန်းမသိဘူး. . . (မှန်လှပါဘုရား) သူ့ခန္ဓာ ပြန်ကြည့်လိုက်တဲ့အခါ ဟာ! . . . ဒုက္ခသစ္စာကြီးပါလားလို့ ချက်ချင်းဉာဏ်ထဲ ထင်လာတယ်. . . (မှန်လှပါဘုရား)။

ထင်တော့ ဘယ်သူနဲ့မှ စကားမပြောချင်၊ ဉာဏ်ကဒီးစီးပြီးသကာလ လာသောကြောင့် ဒကာ ဒကာမတို့ ရင်ခွင်

ထဲမှာပဲ သောတာပန် နတ်သား၊ သောတာပန် နတ်သမီး ဖြစ်ပါတယ်၊ (မှန်လှပါဘုရား)။

## အားငယ်စရာများ ရှိသေးသလား

အားငယ်စရာများ ရှိသေးလား. . . (မရှိပါဘူး ဘုရား)။ အဲဒါကြောင့် ဒကာ ဒကာမတို့ သစ္စာဖြင့် မသိသိအောင် လုပ်ပါဆိုတာ ဆရာဘုန်းကြီးက အမိအဘ ဆွေမျိုး ညာတကာ ညီအကို မောင်နှမဆိုတာ မတော်ဖူးသည် မည်သည်မရှိလို့. .

ဘုရားကလည်း ဟောထားပါတယ် ဒကာ ဒကာမတို့ ရင်ခွင်ထဲရောက်တော့ ရင်ခွင်ထဲရောက်တဲ့ နတ်သား နတ်သမီးလေးဟာလေ သူတို့မှာ သိစေဆိုတဲ့ တရားကလည်း သိစေဆိုတဲ့ ဝမ်းထဲမှာ ပိတ္တံ = သည်းခြေဆိုတဲ့ အဲဒီသည်းခြေ ကလည်း မရှိဘူးနော် (မှန်လှပါဘုရား)။

သေမှံ = ဆိုတဲ့ သလိပ်ကလည်း မရှိဘူးနော်. . . (မှန်ပါဘုရား)။ ပုဗ္ဗော = ပြည်ဆိုတာတွေလည်း နတ်မှာ မရှိဘူး (မှန်လှပါဘုရား)။

## သောတာပန်၊ ရဟန္တာဖြစ်နိုင်တယ်

အဲဒါကြောင့် သူတို့မှာ ဉာဏ်မျက်လုံးနဲ့ ဖွင့်ကြည့်လိုက်တဲ့အခါ လူ့ပြည်က အထုံပါလာတဲ့ ဆရာသမားပြောလိုက်တဲ့သစ္စာ၊ ကိုယ်ကိုယ်တိုင် မြင်တဲ့သစ္စာတွေဟာ ဟိုကျတော့ ရှင်းရှင်းလင်းလင် မြင်ပြီးသကာလ ဒကာကြွယ် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတောင် ဖြစ်နိုင်တယ်. . . (မှန်လှပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ငါသေရမှာ မကြောက်တော့ဘူးဟော့လို့ ဆုံးဖြတ်ချက်ချကြ. . . (မှန်လှပါဘုရား)။

## ကြောက်သေမသေရတော့ဘူး

သေတော့ သေရမှာပေါ့ဗျာ. . . (မှန်လှပါဘုရား)။ ကြောက်သေတော့ဖြင့် မသေရတော့ဘူးဆိုတဲ့ဥစ္စာ ဆုံးဖြတ်ချက်. . . (မှန်လှပါဘုရား)။

သစ္စာသိပြီးသား ပုဂ္ဂိုလ်ဖြစ်သောကြောင့်. . . (မှန်လှပါဘုရား)။ မယုံမရှိနဲ့ ဒီဒကာ ဒကာမတွေ ဒီခန္ဓာကိုယ်ထဲမှာ ကိုယ့်ခန္ဓာကို လက်သည်းကလေးနဲ့ ကုတ်လိုက်တော့ နာမှုလေးတစ်ခု ဒုက္ခလေးမပေါ်လာဘူးလား. . . (ပေါ်လာ ပါတယ် ဘုရား)။

ပေါ်ပြီး ဒီနာမှုလေးဟာ ပျောက်ကော မသွားဘူး လား. . . (သွားပါတယ်ဘုရား)။

အင်း ဒါဖြင့် သူပေါ်တာက ဖြစ်တာ၊ ပျောက်တာက ပျက်တာဆိုတော့ ဘာသစ္စာလေးပါလိမ့်. . . (ဒုက္ခသစ္စာ လေးပါဘုရား)။

ဩော်. . . ဒါဖြင့် ဒို့ နာတာလေးကလည်း ပေါ်ပျောက်၊ ယားတာလေးကလည်း ပေါ်ပျောက်၊ ကောင်း တာလေးကကော (ပေါ်ပျောက်ပါဘုရား)။

အဲ့ဒါသိရင် သစ္စာသိတာ. . . (မှန်လှပါဘုရား)။ သစ္စာသိတာပဲဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လေးလေးစားစား မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

အဲတော့ သစ္စာက သစ္စာ၊ သိတာက မဂ္ဂသစ္စာ. . . (မှန်လှပါ) အဲဒီသိတဲ့အချိန်မှာပဲ ဒကာကြွယ်၊ မောင်ဘသော်၊ ဦးလှဘူးတို့ ကိလေသာက သေနှင့်တယ်. . (မှန်လှပါ ဘုရား)။

ဒီလောက်ထိအောင် မဂ်တစ်ကြိမ် ပေါ်လိုက်တဲ့ အကြိမ်သည် အင်မတန်မှ ပြင်းပြတယ်ဆိုတာ ပေါ်ကြ ပလား. . . (ပေါ်ပါတယ်ဘုရား)။

ကဲဒါဖြင့် ဒီဟာလေး နှလုံးသွင်းပြီးသကာလဖြစ်စေ သေသွားပြီဆိုတော့ သုဂတိရောက်ပါတယ်. . . (မှန်လှပါ ဘုရား)။

သွေး၊ ပြည်၊ သလိပ်၊ သည်းခြေမရှိတဲ့ နတ်ဖြစ်တော့ ဉာဏ်နဲ့ပြန်ပြီးသကာလ ချက်ချင်းပဲ သတိရသောကြောင့် ဒကာကြွယ် သူ့ခန္ဓာ သူပြန်ကြည့်လိုက်တယ်. . . (မှန်လှပါဘုရား)။

## ထက်မြက်တဲ့ဉာဏ်နဲ့ ကြည့်လိုက်တော့

ပြန်ကြည့်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း၊ ငါဒုက္ခသစ္စာကြီး ပြန်ဖြစ်နေပါပေါ့လားလို့ သိလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း နတ်အမြင်က သည်းခြေ သလိပ်၊ သွေးတွေ မဖုံးတဲ့အတွက် ထက်မြက်တဲ့ ဉာဏ်နဲ့ကြည့်လိုက်တော့ တစ်ခါတည်း သောတာပတ္တိ မဂ်ဉာဏ်ဖြစ်သွားတယ်. . . (မှန်လှပါဘုရား)။

ဘာပူစရာရှိသေးတုံး. . . (ဘာမှ မရှိပါဘူးဘုရား)၊ ကဲ ဒါဖြင့် ဒီသာသနာ ဒကာ ဒကာမတို့ ရင်ခွင်ထဲမှာ သောတာပန် မတည်တဲ့အခါ သူက တည်ချင်လျက် အကယ်၍ မတည်ခဲ့ဘူးထားရင် မပူပါနဲ့လို့ အဂ္ဂိတ္တိုရ် ပါဠိတော်က ဟောပြန်တယ်. . . (မှန်လှပါဘုရား)။

တစ်နံပါတ် ဒကာ ဒကာမတွေ ရင်ခွင်ထဲ တည်ချင် တည်မယ်. . . (မှန်လှပါ) မတည်လို့ရှိရင်တော့ မပူပါနဲ့ ကွာတဲ့ နတ်ပြည်မှာ ကျုပ်တို့ တာဝတိံသာ နတ်ပြည်ပဲ ထားပါတော့ ဒကာကြွယ်. . . (မှန်လှပါဘုရား)။

လူ့ပြည်မှာ အနှစ်တရာမှ တာဝတိံသာက တစ်ရက်ရှိသေးတာကိုး. . . (မှန်လှပါဘုရား)။ ကဲ လူ့ပြည်မှာ အနှစ်နှစ်ထောင်ထား၊ တာဝတိံသာက ရက်နှစ်ဆယ်မနေဘူးလား (နေပါတယ်ဘုရား)။

အဲ ခု သာသနာနှစ်ထောင်ငါးရာဆိုတော့ သူတို့မှာ ရက်ပေါင်း နှစ်ဆယ့်ငါးရက်ကျော်ကျော်လေးရှိသေးတယ်. . . (မှန်လှပါဘုရား)။

## ဒုတိယပုဂ္ဂိုလ်

ဘုရားပရိနိဗ္ဗာန်စံတာ တာဝတိံသာ နတ်ပြည် နတ်သက်နဲ့ တွက်လိုက်ရင် ရက်ပေါင်း ဘယ်လောက်ရှိသေးတုံး. . . (နှစ်ဆယ့်ငါးရက်ပါဘုရား)။ နှစ်ဆယ့်ငါးရက်နဲ့ နာရီပိုင်းကလေး. . . (မှန်လှပါဘုရား)။

ဒါပဲ ရှိသေးတော့ ဤမှာတို့ရက် နှစ်ဆယ့်ငါးရက်ရှိသေးတာ ဒို့ဘုရားတရားမနာရတာ နတ်တွေက. . . (မှန်လှပါဘုရား)။

ရက် နှစ်ဆယ့်ငါးရက်သာ ရှိသေးတယ်ဆိုပြီး သူတို့တရားတွေကတော့ ရက်များနေတဲ့အတွက် ဒကာကြွယ်မမေ့သေးဘူးပေါ့ဗျာ. . . (မှန်လှပါဘုရား)။

အဲတော့ နတ်သဘင် အစည်းအဝေးကျတော့ ခုနက ဗီက သစ္စာသိသွားတဲ့ ပုဂ္ဂိုလ်များ တရားနာရတော့ သူတို့က သစ္စာတရား ဟောရက်နေပြန်တယ်. . . (မှန်လှပါဘုရား)။

အဲဒီလို ရင်ခွင်ထဲ မတည်ပဲနဲ့ သစ္စာတရားဟောတဲ့ နတ်သဘင်ပွဲမှာပဲ နာရပြန်လို့ရှိရင်လည်း ခုနက သွေး၊ ပြည်၊ သလိပ်၊ သွေးပြည်မရှိတဲ့ ဉာဏ်နဲ့ သူ့ခန္ဓာကြည့်လိုက်တဲ့အခါ အဲဒီတရားပွဲထဲမှာပဲ ဒကာ ဒကာမတို့ သောတာပန် သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်သေးတယ်ဆိုတဲ့ နှစ်နံပါတ် အချက်. . . (မှန်လှပါဘုရား)။

တစ်နံပါတ်က ရင်ခွင်ထဲနော်. . . (မှန်လှပါဘုရား) နှစ်နံပါတ်က ရင်ခွင်ထဲ သောတာပန်မတည်လို့ တရားနာတဲ့ ပွဲမှာ တည်ရတယ်. . . (မှန်လှပါဘုရား)။

အားငယ်စရာပါသလား. . . (မပါပါဘူးဘုရား) အားငယ်စရာက ဒကာ ဒကာမတွေ ဘုန်းကြီးပြောတာကို သစ္စာလို့ မသိမှာတစ်ခုသာ အားငယ်စရာကောင်းတာ. . . (မှန်လှပါဘုရား)။

ပြီးတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘုန်းကြီးက စိတ်ချတယ်. . . (မှန်လှပါဘုရား)။ ငါနေ့တိုင်း တဖွဖွ ပြောနေတာပဲ နေ့တိုင်း ကယ်တင်နေတာပဲ ဒီဒကာ. ဒကာမတွေကို တကယ် ကယ်ပေးနေတာပဲ။

ယားတာ ဘာသစ္စာ၊ ဒုက္ခသစ္စာ သူတို့လျှောက်တယ်၊ နာတာဘာသစ္စာ ဒုက္ခသစ္စာလို့ လျှောက်တယ်။

ဘယ်စိတ်ကလေးပေါ်လာလို့ရှိရင် ပေါ်ပျောက်သွားတာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အဲတော့ ခင်ဗျားတို့ ဘယ်လို နှလုံးသွင်းသွင်း ဒီသစ္စာတွေဟာ မြင်နေတာပဲ. . . (မှန်လှပါဘုရား)။

အဲတော့ ဒီတရားနာနေတဲ့ ဒကာဒကာမတွေဟာ မြင်ပြီးသား၊ သိပြီးသား ပုဂ္ဂိုလ်တွေ ဖြစ်လေသောကြောင့် ခုနက ရင်ခွင်ထဲမှာလည်း တည်ရမယ်. . . (မှန်လှပါဘုရား)။

တရားနတ်သဘင် တရားပွဲ၌ကော. . . (တည်ရမှာပါဘုရား)။ ဒီလို မတည်သေးတောင် အင်္ဂုတ္တိုရ် ပါဠိတော်ကြီးက မတည်နဲ့ဟော့ နောက်ဒကာ ဒကာမတွေအတွက် သစ္စာသိထားရင် မတည်ပါနဲ့တဲ့. . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ အားပေးတာ မဟုတ်ဘူး ပါဠိတော်အတိုင်း ပြောနေတာ. . . (မှန်လှပါဘုရား) အားပေးတာမဟုတ်ပါဘူး ဘုရားကိုယ်တော်တိုင် အမြင်ကြီးကြီးနဲ့ ဟောပြီပြောနေတာလို့လည်း မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

အဲတော့ကိုးတဲ့ ဒီအထဲမှာ ခု ပြောဟော လုပ်နေတာ လည်း ဘုန်းကြီးများ အနှစ်ဆယ်နှစ်လောက်ရှိတော့. . . (မှန်လှပါ) သေတဲ့ပုဂ္ဂိုလ်တွေလည်း ဦးလှဘူးတို့ ဒီထဲက တော်တော်သေကြတယ်. . . (သေကြပါတယ်ဘုရား)။

## တတိယပုဂ္ဂိုလ်

အဲဒီ သေကြတဲ့ ပုဂ္ဂိုလ်တွေကတဲ့ နတ်ပြည်မှာ ရောက်နေနှင့်ကြတယ်. . . (မှန်လှပါဘုရား) အရိယာအဖြစ် နေနှင့်ကြပြီ. . . (မှန်လှပါဘုရား)။

အဲတော့ ခု ဒကာ ဒကာမထဲက ဘုန်းကြီးတို့ ဒကာ ဒကာမထဲက အင်း ဒီနေ့လား နက်ဖြန်လား မဆိုနိုင်ဘူး ဟိုဘက်လလား မပြောတတ်ဘူး သေမဲ့ပုဂ္ဂိုလ်တွေပါ တယ်. . . (မှန်ပါ့ဘုရား)။

အဲဒီပါတဲ့ ပုဂ္ဂိုလ်တွေလည်း ထို့အတူပဲ သစ္စာနာထား ရတဲ့အတွက် နတ်ပြည်လည်းရောက်တယ်. . . (မှန်လှပါ ဘုရား)။

နတ်ပြည်ရောက်သွားတော့ ခုနက အရင်သေနှင့်တဲ့ ပုဂ္ဂိုလ်တွေ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရင် သော တာပန် သကဒါဂါမ် အနာဂါမ် တည်ပြီးတဲ့ ပုဂ္ဂိုလ်တွေက နတ်ပြည်ကနေပြီး စောင့်နေတော့ သူတို့က သက်တန်းက ဦးတာကိုးဗျ. . . (မှန်လှပါ)။

အင်း. . . ဒီက ဒကာ ဒကာမတွေလည်း စုတေမနေသေလွန်တော့ လိုက်သွားတဲ့ အခါကျတော့ ဩော် ငါ့မိတ်ဆွေ တရားနာဖေါ်လာပြီ. . . (မှန်လှပါဘုရား)။

ဒကာကြွယ် ဟိုက သိနေပြီ. . . (သိနေပါပြီဘုရား)၊ အဲတော့ တရားနာဖေါ်လာပြီဟေ့ ဒို့အိမ်ကလူတော့ ဆရာတော် ဘုရားကြီးဆီမှာ အတူတူ ဒို့သစ္စာတရားတွေ နာနေကြတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပေါ်လာတယ်ဆိုပြီး အရင် ရောက်နေတဲ့ ပုဂ္ဂိုလ်က ငါ့အရှင် မမေ့နဲ့နော်. . . (မှန်လှပါဘုရား)။

မင်း ခန္ဓာ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာကွလို့ လက်တို့ပြီး နတ်နတ်ချင်း ဟောတယ်. . . (မှန်လှပါဘုရား)။

အဲဒီ ဟောပြောမှာလည်း ဒကာ ဒကာမတို့ သောတာပန် သကဒါဂါမ် တည်ပြန်တာပဲ (မှန်ပါ့ဘုရား) ပူစရာများ ရှိရဲ့လား. . . (မရှိပါဘူးဘုရား)။

အဲဒါကြောင့် ခန္ဓာကိုယ်တော့ဖြင့် ဘယ်သူမှ မပိုင် သည်ဖြစ်လေသောကြောင့် သေရမှာဆိုတာကတော့ဖြင့် သီတင်းကျွတ်တယ်ဆိုကတည်းက အသေဘက် တိုးပါတယ် (မှန်လှပါဘုရား)။

တိုးပင်တိုးငြားသော်လည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော် ဒို့သစ္စာသိပြီးသား ပုဂ္ဂိုလ်တွေမို့ ဒီဘဝ

လည်း ကိစ္စပြီးနိုင်တယ်၊ မပြီးလည်း မပူပါဘူးဟ. . . (မပူပါဘူးဘုရား) ဆိုပြီး သကာလတဲ့ ဒကာ ဒကာမတွေ ရင်ခွင်ထဲမှာပဲ သောတာပန် တည်နိုင်တယ်. . . (မှန်လှပါ ဘုရား) နတ်ပြည်မှာလေ. . . (မှန်လှပါဘုရား)။

တစ်ယောက် တစ်ယောက်တရားကို ဘုရားပရိနိဗ္ဗာန် စံသော်လည်း ရက်ပေါင်း နှစ်ဆယ့်ငါးရက်လောက်နဲ့ နာရီပိုင်း သာ ရှိနေသောကြောင့် ဟိုမှာ သစ္စာတရားတွေ ဟောနေတဲ့ နတ်တွေကလည်း ရှိလို့၊ နတ်သဘင် အစည်းအဝေး သွားလို့ အဲဒီတရားနာရတဲ့အချိန်မှာပဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်နိုင်ပါတယ်. . . (မှန်လှပါဘုရား)။

## သစ္စာတရားဟာ အရေးအကြီးဆုံး

ဒီပြင်တရား၊ မဟုတ်ဘူးနော်၊ သစ္စာတရားနာရမှ. . (မှန်လှပါဘုရား)၊ သစ္စာဟာ အရေးအကြီးဆုံး. . . (မှန်လှ ပါဘုရား)။

ဒကာကြွယ် ဘယ်တရား အရေးအကြီးဆုံးပါလိမ့်. . (သစ္စာတရား အရေးအကြီးဆုံးပါဘုရား)။

အေး. . . ဒါကြောင့် ဒကာ ဒကာမတို့ ဒီလောက် လူကျပ်ကျပ်နဲ့ ဒီလောက် မီးထွန်းစရာ ကိစ္စတွေထဲမှာ ဆရာ ဘုန်းကြီးဆီလာပြီးသကာလ နည်းယူကြတော့. . .

## ဝမ်းမြောက်လိုက်ကြစမ်းပါ

ဩော်. . . ဒီနေ့ သိရတဲ့အသိဟာဖြင့် ဒို့ ဘာမှ စိုးရိမ်စရာမရှိတဲ့ အသိပါလားလို့ ဝမ်းမြောက်လိုက်ကြစမ်းပါ. . . (မှန်လှပါဘုရား)။

ဘာမှ မစိုးရိမ်နဲ့ ရဲရဲတင်းတင်းသာနေပါ. . . (မှန်လှပါဘုရား)။ ရဲရဲတင်းတင်းနဲ့ သေပါ. . . (မှန်လှပါဘုရား)။

ဘာမှ ကြောက်စရာမရှိဘူးဆိုတာ သေသေချာချာ မှတ်ပါ. . . (မှန်လှပါဘုရား) ဒကာ ဒကာမတွေ အင်မတန် စေတနာနဲ့ အင်မတန် ဘုရားဟော အမှန်ကြီးကို ပြောနေပါတယ်. . . (မှန်လှပါဘုရား)။

## စတုတ္ထပုဂ္ဂိုလ်

ကိုင်း ဒီတင်မှ မသေသေးဘူးဆိုလို့ရှိရင်ဖြင့်တဲ့ နတ်ပြည်လည်း ရောက်ပြီး တော်တော်လေး လူလား မြောက်လာတဲ့ အခါကျလို့ရှိရင် ကိုယ့်နတ်ပြည်မှာ အင်းတချို့နတ်ကလေးတွေလည်း ဒကာ ဒကာမတို့ ဖျတ်ခနဲ၊ ဖျတ်ခနဲ၊ နတ်သက်စေ့လို ပျောက်သွားတာလည်း ရှိတယ်ပေါ့ဗျာ (မှန်လှပါဘုရား)။

အင်း ဒါလေး မြင်လိုက်တာနဲ့ပဲ ဘယ်သူမှ တရားမဟောပဲနဲ့ ဒီက သစ္စာတရား နာပြီးသား ပုဂ္ဂိုလ်က လည်း ဩော်. . . ဒုက္ခသစ္စာမို့ ဒုက္ခရောက်သွားတာကိုး သိပြီး ကိုယ်က သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်ပြန်တာပဲ. . . (မှန်လှပါဘုရား)။

အဲတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ခုပြောခဲ့ တဲ့လေးချက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ဘုရားသခင် ကိုယ်တော် မြတ်ကြီး အင်္ဂုတ္တိုရ် ပါဠိတော်ကြီးမှာ သေသေချာချာ ဟော ထားတဲ့အတွက် ဒို့ဖြင့် ယခုမသိသေးတဲ့ ပုဂ္ဂိုလ်က သိအောင် လုပ်. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

သိပြီးသား ပုဂ္ဂိုလ်က ပွားသာနေပါ. . . (မှန်လှပါ ဘုရား)၊ အခု မဂ်ဆိုက်ပြီး သေလည်း ကောင်းတာပဲ. . . (မှန်လှပါဘုရား)။

ဒုတိယ ဘဝမှ ရင်ခွင်ထဲမှာ ဆိုက်လဲ ကောင်းတာ ပဲ. . . (မှန်လှပါ)၊ နတ်သဘင် အစည်းအဝေး တရားပွဲမှာ ဆိုက်ရင်ကော (ကောင်းပါတယ်ဘုရား)။

နောက် ကိုယ့်သူငယ်ချင်း နတ်တွေက တရားနာဖို့ နတ်တွေကလာပြီး ကိုယ့်သတိပေးလို့ သစ္စာတွေ နှလုံးသွင်း လိုက်လို့ မဂ်ဆိုက် ဖိုလ်ဆိုက်ဖြစ်လည်း ကောင်းတာပဲ (ကောင်းပါတယ်ဘုရား)။

အဲတော့ ဒီဒကာ ဒကာမတွေမှာတဲ့ ကိုယ့်သူငယ်ချင်းတွေ နတ်ပြည်မှာ ဒကာကြွယ် မနည်းတော့ဘူး. . . (မနည်းပါဘူးဘုရား)။

ဒီတရားပွဲကလည်း လူများတဲ့ တရားပွဲဖြစ်တော့ သေတဲ့ ပုဂ္ဂိုလ်လည်း သေလို့ ရောက်နှင့်ကြပြီပေါ့ဗျာ. . . (မှန်လှပါ)။

ရောက်နှင့်ကြလို့ ဒီက ဒကာ ဒကာမတွေပဲ မျှော်လင့်တယ်. . . (မှန်လှပါဘုရား) ဒို့ မိတ်ဆွေတွေ ဘယ်တော့လာပါ့မတုံး. . . (မှန်လှပါ)။

လာရင် ကလေးများလိုပဲတဲ့၊ ငါရှင် ဒို့ဆရာဘုန်းကြီးဟောတဲ့ ဒီခန္ဓာ ဒုက္ခသစ္စာကြီးဟာ နှလုံးသွင်းပါလားဆိုတာ ကလေးချင်းသာ လက်တို့ပြီး ပြောသလို. . . (ပြောပါတယ်ဘုရား)။

အရင်သေနှင့်တဲ့ ပုဂ္ဂိုလ်တွေက လာလာလက်တို့ပြောတယ်. . . (မှန်လှပါဘုရား) ပြောသည်နဲ့ တစ်ပြိုင်နက်တည်း ဒီကအရှိန်ကလည်း ပါပြီးသား ဖြစ်လေသောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာတဲ့ ပြောလိုက်လို့ ကြားလဲကြားလို့ ဉာဏ်ထဲလဲ ထင်ပါရော သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်တော့မှာပဲ. . . (မှန်လှပါဘုရား)။

အဲဒီတော့ ဟိုမှာလည်း မိတ်ကောင်းတွေက ရှိတာ တစ်မျိုး. . . (မှန်လှပါ) ဆိုတော့ အားလုံး ဒကာဒကာမ တွေ ပူစရာ၊ ပင်စရာ ဆွေးစရာ ရှိသေးရဲ့လား. . . (မရှိပါ ဘူးဘုရား)။

အဲဒါကြောင့် အားကြီး ကျေးဇူးများတယ်ဆိုတာ ဒကာ ဦးလှဘူးတို့ မောင်ဘသော်တို့ ပေါ်လောက်ပါပြီ. . . (ပေါ်ပါပြီဘုရား)။

## သစ္စာသိပြီးသေတဲ့ပုဂ္ဂိုလ်ပူစရာမရှိ

ကဲ ယနေ့ ဟောတဲ့တရားမှာ အင်္ဂုတ္တိုရ်ပါဠိတော်ကြီး မှာ ကိုယ်တော်တိုင်ဟောလို့ သစ္စာသိသေတဲ့ပုဂ္ဂိုလ်များ ပူစရာ မရှိပုံကို ပြလိုက်တာ. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာသိသေမှ (သစ္စာသိသေမှပါဘုရား) သစ္စာသိပြီး သေလို့ရှိရင် ဘာမှ ပူစရာ မရှိဘူးဆိုတော့၊ ဘုန်းကြီးကပဲ ဒီနေ့မှလာတဲ့ပုဂ္ဂိုလ်၊ ဒီနေ့မှကြုံတဲ့ ပုဂ္ဂိုလ်တွေကို သစ္စာသိတဲ့ သိဖို့ရာ အရေးကိုလည်း ဒကာကြွယ် ပြန်ပြီးပြောပါ့မယ်. . . (မှန်လှပါဘုရား)။

ပြန်ပြီးပြောပါ့မယ်တဲ့ ဒကာ ဒကာမတွေ ပဋိစ္စ သမုပ္ပါဒ်ကြီးကို ကြည့်ကြပါ. . . (မှန်လှပါဘုရား)။

အားလုံး ဒကာ ဒကာမတွေ သစ္စာသိဖို့ ပြောတော့မယ်. . . (မှန်လှပါဘုရား)။ သစ္စာသိဖို့ ပြောတော့မယ်ဆိုတော့ ဒကာ ဒကာမတို့ ဒီပဋိစ္စသမုပ္ပါဒ်ဟာ ရေးထားတဲ့ ပဋိစ္စသမုပ္ပါဒ်လားလို့မေးတော့ မဟုတ်ပါဘူး ဒကာ ဒကာမတို့နော်. . . (မှန်လှပါဘုရား)။

ခန္ဓာဖြစ်စဉ် ဒကာဒကာမတို့ တရားနာတဲ့ ဒကာဒကာမတို့၏ ခန္ဓာဖြစ်စဉ် ပဋိစ္စ သမုပ္ပါဒ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။ ရေးထားတာလား ကိုယ့်ခန္ဓာဖြစ်စဉ်လား. . . (ကိုယ့်ခန္ဓာဖြစ်စဉ်ပါဘုရား)။

အင်း. . . အဖိုးတန်လိုက်တာ ဩော် ဒီဥစ္စာစာထဲက ဒီလိုပါတယ်လို့ မဟုတ်ပါဘူး. . . (မှန်လှပါဘုရား)။

## ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်

စာက ဒီလိုပါတာမဟုတ်ပါဘူး ဒကာ ဒကာမတို့၏ ခန္ဓာက ဒီလိုဖြစ်နေတာ. . . (မှန်လှပါဘုရား) စာက ဒီလိုပါတာလား၊ ခန္ဓာက ဒီလိုဖြစ်တာလား. . . (ခန္ဓာက ဒီလို ဖြစ်တာပါဘုရား)။

အဲ. . . ခန္ဓာက ဒီလိုဖြစ်တော့ ယခုဘဝ လူဖြစ်ရှုံးလေးတော့ သိလည်းသိပြီးပါပြီ သို့သော် အစလေးစတဲ့အနေနဲ့ ပြောရဦးမယ်. . . (မှန်လှပါ)။

ဒကာ ဒကာမတို့ နောက်ဘဝက အဝိဇ္ဇာဆိုတဲ့ သစ္စာလေးပါးမသိတော့ အဝိဇ္ဇာနဲ့ နေခဲ့ကြတယ်. . . (မှန်လှပါဘုရား)၊ နောက်ဘဝက ဘာနဲ့ နေခဲ့ကြတုံး. . . (အဝိဇ္ဇာနဲ့ နေခဲ့ပါတယ်ဘုရား)။

ဩော်. . . သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့ကြတယ် နော်. . . (မှန်ပါ့ဘုရား)၊ နေခဲ့ကြတဲ့အခါကျတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်တဲ့၊ သစ္စာမသိတော့ မွေးရာပါဗုဒ္ဓဘာသာဆိုတော့ ကုသိုလ်အလုပ်တွေလည်း ပြုပါတယ် (ပြုပါတယ်ဘုရား)။

ပြုလုပ်ရတယ်ဆိုတော့ သင်္ခါရပေါ့ဗျာ. . . (မှန်လှပါဘုရား) ဒါဖြင့် မသိလို့ ကုသိုလ်လုပ်သည် (မှန်လှပါဘုရား) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

လုပ်ပြီးသကာလ ဒကာ ဒကာမတို့ ကုသိုလ်ရိုးရိုး လုပ်တာလားတဲ့ နောက်ဘဝ လူဖြစ်ချင်လို့ လုပ်တာလား ဆိုတော့ မေးရင် ဘယ့်နှယ်ဖြေကြမတုံး. . . (နောက်ဘဝ လူဖြစ်ချင်လို့ လုပ်တာပါဘုရား)။

## ကုသိုလ်၊ အကုသိုလ်ရောနေတယ်

ဩော်. . . ဒါဖြင့် လူဖြစ်ချင်တဲ့ အကုသိုလ် သင်္ခါရလို့ ပါတယ်. . . (မှန်လှပါဘုရား)။ ဒါဖြင့် ကုသိုလ်လည်း လုပ်

တယ်၊ ဆုလည်း တောင်းတယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဦးတဲ့ ကုသိုလ်၊ အကုသိုလ် ရောနေတယ်. . . (ရောနေပါတယ်ဘုရား)။

ကုသိုလ်လုပ်တာက ကုသိုလ်. . . (မှန်ပါ့) လူ ဖြစ်ချင်တာက တဏှာ. . . (မှန်ပါ့ဘုရား)။

အေး. . . ကုသိုလ်နဲ့ တဏှာနဲ့ ရောနေတယ်. . . (ရောနေပါတယ်ဘုရား) ဩော်. . . ဘယ့်နှယ်ကြောင့် ရောပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ မသိလို့ ဒကာ ဒကာမတွေ ရောမိတာ. . . (မှန်လှပါဘုရား)။

ဘယ်လိုပါလိမ့်မတုံး. . . (မသိလို့ ရောမိတာ ပါဘုရား) မသိလို့ ရောမိတာ. . . (မှန်ပါ့) ရှင်းကြပ လား. . . (ရှင်းပါပြီဘုရား)။

အင်း ဘယ့်နှယ်ကြောင့် ရောမိကြပါလိမ့်. . . (မသိလို့ ရောမိတာပါဘုရား)။ မသိလို့ ရောမိကြတယ် နော်. . . (မှန်ပါ့)။

ရောတယ် ဆိုကတည်းက အဝိဇ္ဇာ ပစ္စယာ. . . (သင်္ခါရာပါဘုရား) မသိလို့ ရောတော့ သင်္ခါရ ဖြစ်သွား တယ်. . . (မှန်ပါ့) ဒကာကြွယ် ဖြစ်သွားပြီ. . . (ဖြစ်သွား ပါပြီဘုရား)။

အခုမှရတဲ့ ပဋိစ္စသမုပ္ပါဒ် ဒကာသစ်တို့၏ ကုသိုလ်တွေကိုလည်း ဒကာ ဒကာမတွေ ဉာဏ်နဲ့ကိုက်ပြီး ကြည့်ကြပါနော်. . . (မှန်လှပါဘုရား)။

အဲ ဒါဖြင့် ဒါက နောက်ဘဝက အဝိဇ္ဇာ၊ ပစ္စယာသင်္ခါရာလုပ်ခဲ့တယ်. . . (လုပ်ခဲ့ပါတယ်ဘုရား) မလုပ်ခဲ့ဘူးလား. . . (လုပ်ခဲ့ပါတယ်ဘုရား)။

## အဝိဇ္ဇာကကိလေသဝဋ်

လုပ်ခဲ့တဲ့အခါကျတော့ အဝိဇ္ဇာက ဘာတုန်းဆိုတော့ ဒီလာကြည့်လိုက် မြား အနီးလေးပြတာ ကိလေသဝဋ်. . . (မှန်လှပါ) အဝိဇ္ဇာဟာ ကိလေသဝဋ်ပါပဲ. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သင်္ခါရက ကမ္မဝဋ် (မှန်လှပါ) ဪ. . . ကိလေသဝဋ်နဲ့ ကမ္မဝဋ်လုပ်ခဲ့ကြတယ်. . . (မှန်လှပါဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## သင်္ခါရကကမ္မဝဋ်

မသိတာက ဘာဝဋ်ပါလိမ့်. . . (ကိလေသဝဋ်ပါဘုရား) ကုသိုလ်ပြုပြီး ဆုတောင်းတာက. . . (ကမ္မဝဋ်ပါဘုရား) ဪ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နောက်ဘဝက

လာတာ သစ္စာမသိခဲ့တဲ့အတွက် ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပဲ လုပ်ခဲ့ကြတယ်. . . (မှန်လှပါဘုရား)။

ဒကာကြွယ် ဒါက ခါတိုင်း ဟောတာနဲ့ မတူဘူး လို့. . . (မှန်လှပါ) ဝဋ်ကို မူတည်ဟောတယ်. . . (မှန်လှပါဘုရား) ဘာမူတည် ဟောပါလိမ့်. . . (ဝဋ်ကိုမူတည်ဟောပါတယ်ဘုရား)။

## ဝဋ်ကိုမူတည်ဟောတာ

ဝဋ်ကို မူတည်ဟောတယ်လို့ သေသေချာချာ မှတ်ကြပါနော်. . . (မှန်လှပါဘုရား) သစ္စာမသိတာက ဘာဝဋ်တဲ့ (ကိလေသဝဋ်ပါဘုရား)။

ကုသိုလ်ပြုပြီး ဆုတောင်းတာက. . . (ကမ္မဝဋ်ပါဘုရား) ဩော်. . . ဒကာ ဒကာမတွေက ဝဋ်ကျွတ်ချင်လိုက်တာကလည်း လွန်လို့ ကိုယ်လုပ်တာကလည်း ဝဋ်နှစ်ပါး လုပ်ခဲ့တယ်. . . (မှန်လှပါဘုရား)။

ဘယ်တုံးကလုပ်ခဲ့ပါလိမ့်မတုံးဆိုတော့ လွန်လေပြီးသော အတိတ်ကာလက (မှန်ပါ့ဘုရား) ဘယ်တုန်းကပါလိမ့် (လွန်လေပြီးသော အတိတ်ကာလကပါဘုရား)။

ဩော်. . . ဘာဝဋ်လုပ်ခဲ့ပါလိမ့်. . . (ကိလေသဝဋ်နဲ့ ကမ္မဝဋ် လုပ်ခဲ့ပါတယ်ဘုရား)။ မောင်ဘသော် ဒီနေ့ တရားကတစ်မျိုး. . . (မှန်လှပါဘုရား)။

ဝဋ်နဲ့ ရှင်းပြတယ်. . . (မှန်ပါ့ဘုရား)။ ဒကာကြွယ်သဘောပါပလား. . . (ပါပါတယ်ဘုရား)။

## မသေခင်ဘဝကလုပ်ခဲ့တာ

နောက်က ဒကာ ဒကာမတွေ ဒါ ဒကာ ဒကာမတွေ မသေခင် ဘဝက လုပ်ခဲ့တာနော်. . . (မှန်ပါဘုရား)။

မသေခင်ဘဝက လုပ်ခဲ့တာတွေက အင်း မသိတာ လုပ်ခဲ့တာက ကိလေသဝဋ်. . . (မှန်ပါ့ဘုရား) ကုသိုလ်ပြုပြီးသကာလ လှူပြည်ဆုတောင်းတာက. . . (ကမ္မဝဋ်ပါဘုရား)။

ဒါကြောင့် ကမ္မဝဋ်က နှစ်ပါးလို့ ဆိုလိုက်တယ်နော်. . (မှန်ပါ့ဘုရား) ကိလေသဝဋ်ကလည်း သုံးပါးပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

ဒါ သုံးပါး အသာထားပါတော့ သုံးပါးသိပြီ ကြိုးအတိုင်းလိုက်ပြီး သကာလ ဒကာ ဒကာမတွေ သိမယ်ဆိုရင် တဏှာ ဥပါဒါန်ထည့်တာပါပဲ. . . (မှန်ပါ့)။

ကိုင်း ဒါဖြင့် ကိလေသဝဋ်နဲ့ ကမ္မဝဋ်လုပ်ခဲ့တဲ့အတွက်တဲ့ ဒကာ ဒကာမတွေဟာ သေတာပဲ. . . . (မှန်ပါ့ဘုရား)။

## သေပြီးရတာဝိညာဏ်

သေပြီး စုတေပြီးသကာလ သွားတဲ့အခါ ဟောဒီဒကာ ဒကာမတွေ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေ ဝိညာဏ် ပဋိသန္ဓေနေရပါတယ်. . . (မှန်ပါ့ဘုရား)။

ပဋိသန္ဓေနေရင် နာမ်ရုပ်ပေါ်ရတယ်. . . (ပေါ်ပါတယ်ဘုရား)။ နာမ်ရုပ်ပေါ်လို့ရှိရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ကိုယ်စိတ်လာရင် ဖဿ. . . (မှန်ပါ့ဘုရား) ဝေဒနာ (မှန်ပါ့ဘုရား) ပေါင်းလိုက်တော့ ခန္ဓာငါးပါး. . . (မှန်ပါဘုရား)။

ဩော်. . . ဒကာ ဒကာမတွေ ခု ခန္ဓာ ငါးပါးဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကုသိုလ်လည်းပြုပြီး သကာလ အကုသိုလ် တဏှာက ဆုတောင်းလိုက်တဲ့ အတွက် ခန္ဓာငါးပါး ဒုက္ခသစ္စာတရား. . . (မှန်လှပါဘုရား)။

ဘယ်အချိန်များ ရရှာပါလိမ့်မတုန်းဆိုတော့ ယခုပစ္စုပ္ပန်. . . (မှန်လှပါဘုရား) ဩော်. . . တရားနာနေတာသည် ဘာသစ္စာတုန်း. . . (ဒုက္ခသစ္စာပါဘုရား)။

ဟော. . . သူပြန်ပြတယ်. . . (မှန်ပါ့) ဒါကြောင့် သစ္စာသိစေချင်တယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ ဘုရား)။

## ဒုက္ခသစ္စာခန္ဓာငါးပါးရတယ်

ဒီတရားနာနေတဲ့ ခန္ဓာငါးပါးကြီးဟာ အတိတ်ဘဝက ဒီနှစ်ခုပြုလုပ်ခဲ့တဲ့ ဒီနေရာမှာသေပြီး အကြောင်းအကျိုး ထပ်ပြီး ဒုက္ခသစ္စာ ခန္ဓာငါးပါးရတယ်. . . (ရပါတယ်ဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါး ဘာသစ္စာတရားတုံး. . . (ဒုက္ခ သစ္စာတရားပါဘုရား)။

ဩော်. . ဒီလောက်ဆိုလို့ရှိရင် ဒကာ ဒကာမတို့ သစ္စာသိအောင် ပေါ်ပြီ. . . (မှန်လှပါဘုရား)။

## သစ္စာသိဖို့အရေးကြီးတယ်

ဒို့ သစ္စာသိအောင် ဟောရလို့၊ နာရလို့ရှိရင်ဖြင့် ခုနက ပြောခဲ့တဲ့ အချက်တွေဟာ ဒို့ သေသေချာချာ နတ်ပြည်လည်းရောက်၊ ရောက်ရောက်ချင်းပဲ သောတာပန် တည်. . . (မှန်ပါ့)။

သို့မဟုတ်လို့ရှိရင်လည်း ခဏနေမှ တရားနာမှတည် (မှန်ပါ့ဘုရား) သို့မဟုတ်လို့ရှိရင်လည်း အရင်ဦးတဲ့လူတွေက နတ်ပြည်ရောက်နှင့်ပြီး သကာလ ဒို့သွားတဲ့အခါ သူတို့က လက်တို့ပြောတာနဲ့ တည်ဆိုတာကော မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ် ရပြီးသား နှလုံးသွင်းလို့ တည်တာကော မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှိပြီး သကာလနေတော့ ဒီက သိထားတဲ့ အရေးဟာ တစ်နံပါတ် အရေးကြီးတယ်. . . (ကြီးပါတယ် ဘုရား)။

ဒကာကြွယ်ဒီကသိဖို့ အရေးက. . . (တစ်နံပါတ် အရေးကြီးပါတယ်ဘုရား) ဒီကသိမှ ဟို လေးချက်သွားတိုး မှာ။

## ဘယ်လိုပဲအိုက်အိုက် ကြိုးစားမှတ်ပါ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်လိုပဲ အိုက်အိုက် ဘယ်လိုပဲ လူတွေကကျပ်ကျပ် ကြိုးစားပြီး ကြည့်ပါ. . . (မှန်ပါ့) ကြိုးစားပြီး မှတ်ပါ. . . (မှန်ပါ့)။

ဒကာကြွယ် တိုက်တွန်းရ. . . (တိုက်တွန်းရပါတယ် ဘုရား) အကျိုးစီးပွားအလိုရှိတဲ့ ပုဂ္ဂိုလ်ကိုးဗျ. . . (မှန်လှပါ)

အကျိုးစီးပွား အလိုရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒကာ ဒကာမတွေ တိုက်တွန်းတာကို ဘုန်းကြီးကလည်း လွန်လွန်းတယ်လို့ မဆိုလိုက်ပါနဲ့ ကိုယ်က ကိစ္စမပြီးသေးလို့ ဒီလောက် တိုက်တွန်းတာကိုးလို့ မှတ်လိုက်ပါ. . . (မှန်လှပါဘုရား)။ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## လိုနေသေးလို့တိုက်တွန်းနေရတာ

တရား ကိစ္စဟာ လိုနေသေးလို့ တိုက်တွန်းနေရပါတယ်. . . (မှန်လှပါဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီက ကိလေသဝဋ်တွေ လုပ်ခဲ့တဲ့အတွက် ဒီကိလေသဝဋ်နဲ့ ကမ္မဝဋ်လုပ်ခဲ့တဲ့အတွက် ဟောဒီ ဒကာ ဒကာမတို့၏ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ယခုတရားနာနေတဲ့ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ (ဒုက္ခသစ္စာပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒုက္ခသစ္စာကို ဝင်္ဂတော့ ဘယ်ထဲသွင်းသတုံးလို့ မေးတော့ ဝိပါကဝဋ်ထဲ သွင်းလိုက်ပါ. . . (မှန်ပါ့) အကျိုးပေးပြီး (မှန်ပါ့) ဒုက္ခကြီးနဲ့ အကျိုးပေးပြီး (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲတော့ ဝိပါက ဝဋ်ဖြစ်ပြီးသကာလ နေတော့ ဒကာ ဒကာမတို့ အခု ဝဋ်သင့်နေတဲ့ ခန္ဓာကိုယ်ကြီး. . . (မှန်ပါ့ဘုရား)

ခန္ဓာကိုယ်ကြီးသည် ဒကာ ဒကာမတို့ ကောင်းကောင်းရထားတာလား. . . ဝဋ်သင့်နေတာလား. . . (ဝဋ်သင့်နေတာပါဘုရား)။

ဩော်. . . သင့်မှာပဲ ဒကာ ဒကာမတို့ ကိလေသဝဋ်နဲ့ ကမ္မဝဋ် လုပ်ထားတော့ သေသည်၏ အခြားမဲ့၌ ဒီဝိပါကဝဋ်တော့ ရရမယ်. . . (ရပါတယ်ဘုရား)။

## ဝိပါကဝဋ်လို့မှတ်လိုက်စမ်းပါ

ဒါဖြင့် ဒီခန္ဓာကြီးဟာ ဘာဝဋ်ပါလိမ့်ဗျာ. . . (ဝိပါကဝဋ်ပါဘုရား) ဝိပါကဝဋ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘာဝဋ်ပါလိမ့်. . . (ဝိပါကဝဋ်ပါဘုရား) ဝိပါကဆိုတာ အကျိုးပေး. . . (မှန်ပါ့) ဝဋ္ဋဆိုတာက လုံးတာ. . . (မှန်ပါ့ဘုရား)။

အကျိုးပေးဖြင့် လုံးထွေးနေတော့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ်ဘုရား) အကျိုးပေးဖြင့် လုံးထွေးနေပြီ ဒကာ ဒကာမတို့. . . (မှန်ပါ့ဘုရား)။

ဒုက္ခကို ပင်လယ်ဝေနေပြီ၊ သားပူ၊ သမီးပူ၊ ဆွေပူ. မျိုးပူနဲ့ (မှန်ပါ့) မင်းပူ၊ စိုးပူတွေနဲ့ ဒကာ ဒကာမတို့ ဒုက္ခပင်လယ်ဝေပြီးတော့ ဝိပါကဝဋ်ကြီးဟာ ခု သင့်နေတာမှ ဟုတ်ကြရဲ့လား. . . (ဟုတ်ပါတယ်ဘုရား)။

ဟုတ်တယ်တဲ့ ဒါဖြင့် ဝိပါကဝဋ်ဟာ ဘာသစ္စာပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ သားပူလာလည်း အင်းဒါ ဒုက္ခသစ္စာပဲ ဉာဏ်နှလုံးသွင်းလိုက်. . . (မှန်ပါ့)။

သမီးပူလာရင်. . . (ဒုက္ခသစ္စာပါဘုရား) မင်းပူလာရင် (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာပဲလို့ နှလုံးသွင်းပြီးနေ (မှန်ပါ့)။

## နှလုံးသွင်းရင် သစ္စာသိတာပဲ

နှလုံးသွင်းလိုက်လို့ရှိရင်ဖြင့် ဒါ သစ္စာသိတာပဲ. . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဝိပါက ဝဋ်ထဲမှာ ဒကာ ဒကာမတွေ နှလုံးသွင်းရမှာ. . . (မှန်ပါ့ဘုရား) နှလုံးမသွင်းလို့ရှိရင် ဒကာ ဒကာမတွေ ဟောဒီမှာ တဏှာ၊ ဉပါဒါန်ဆိုတဲ့ ကိုယ့်ခန္ဓာကိုယ်ခင်တဲ့တဏှာ။ ဉပါဒါန်၊ ကံတွေလာလိမ့်ဦးမယ်. . . (မှန်ပါ့ဘုရား)။

မလာပေဘူးလား. . . (လာပါတယ်ဘုရား) လာရင် ဒကာ ဒကာမတို့ ဟောဒါ ကိလေသဝဋ်နဲ့ ကမ္မဝဋ် ပြန်လှည့်နေတာ. . . (မှန်ပါ့ဘုရား)။

တော်ပမလား. . . (မတော်ပါဘူးဘုရား)။ မတော်တော့ ဒါတွေဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာတွေပါဘုရား)။

အဲ ဝိညာဏ် နာမ်ရုပ်ထားပြီးသကာလ ဩော်. . . ဒို့ခန္ဓာကြီးဟာ ရုပ်ကလေးပေါ်လဲ ဒုက္ခသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား) နာမ်ကလေးပေါ်ရင်ကော. . . (ဒုက္ခသစ္စာပါဘုရား)။

ဝေဒနာလေးပေါ်ရင်ကော. . . (ဒုက္ခသစ္စာပါဘုရား) ဖဿလေးပေါ်ရင်. . . (ဒုက္ခသစ္စာပါဘုရား) လက်ရှိ စိတ်ကလေးပေါ်. . . (ဒုက္ခသစ္စာပါဘုရား)

အင်း ကြားတဲ့စိတ်ကလေးပေါ်. . . (ဒုက္ခသစ္စာပါဘုရား) နှာခေါင်းစိတ်ကလေးပေါ်. . . (ဒုက္ခသစ္စာပါဘုရား) စားစိတ်ကလေးပေါ်. . . (ဒုက္ခသစ္စာပါဘုရား)။

ယားတယ်၊ နာတယ်၊ ကောင်းတယ်စိတ်ကလေးပေါ် (ဒုက္ခသစ္စာပါဘုရား) ကြံတယ်၊ တွေးတဲ့စိတ်ကလေးပေါ်. . (ဒုက္ခသစ္စာပါဘုရား) ပေါ်ရာ ဒုက္ခသစ္စာချည့် သွင်းလိုက်. . (မှန်ပါ့)။

အဲတော့ ပေါ်တာက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ဒီခန္ဓာထဲက ပေါ်လာတာ ဒုက္ခသစ္စာကြီးလို့ နှလုံးသွင်းလိုက်ပါ. . . (မှန်လှပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အဲတော့ တပည့်တော်တို့ သစ္စာမသိသေးပါဘူးဘုရားလို့ လျှောက်မလား၊ ခန္ဓာထဲက ပေါ်တာ ဒုက္ခသစ္စာချည့်လို့ သိတာနဲ့ သိပါပြီဘုရားလို့ လျှောက်ကြပါနော်. . . (မှန်လှပါဘုရား)။

## တစ်ကိုယ်လုံးကဒုက္ခသစ္စာ

ခန္ဓာထဲက ဘာပေါ်ပေါ် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။ အဲ ခန္ဓာထဲက ဘာပေါ်ပေါ် ဒုက္ခသစ္စာဆိုတော့ တစ်ကိုယ်လုံးမှာ ဒုက္ခသစ္စာဖြစ်နေတော့ ဒီခန္ဓာထဲက ယားတာလည်း ဒုက္ခသစ္စာ၊ နာရင်လဲ ဒုက္ခသစ္စာ၊ ကောင်းရင်လဲ ဒုက္ခသစ္စာ. . . (မှန်ပါဘုရား)။

ဘာပြုလို့တုံး တစ်ကိုယ်လုံးက ဒုက္ခသစ္စာ. . . (မှန်လှပါဘုရား) ကောင်းရင်လဲ ဘာဖြစ်တုံး. . . (ဒုက္ခသစ္စာပဲ) ကောင်းတာလေးမြဲရဲ့လားလို့မေးတော့ ကောင်းပြီးပျောက်တာပဲ. . . (ပျောက်ပါတယ်ဘုရား)။

ပျောက် ဒုက္ခနဲ့ ပျက်ဒုက္ခနဲ့ မကြုံဘူးလား. : . (ကြုံပါ တယ်ဘုရား) အဲ ဒါကြောင့် ဘာပေါ်ပေါ် ဘာ သစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)

အဲဒီကဲ့သို့ ဒကာ ဒကာမတွေက ဒုက္ခသစ္စာကို ဤကဲ့သို့ သိသွားတော့၊ ဩော်. . . ဒုက္ခသစ္စာဆိုတာ တခြားလားမှတ်တယ်၊ ခန္ဓာကြီးထဲက တစ်ကိုယ်လုံးက ဒုက္ခသစ္စာ ဖြစ်နေတော့ ထူးထူးခြားခြား ခန္ဓာထဲက ပေါ်လာ တာလည်း ဘာသစ္စာဆိုကြမတုံး (ဒုက္ခသစ္စာပါဘုရား)။

သိအောင်လုပ်နော်. . . (မှန်လှပါဘုရား) သိ အောင်လုပ်ထား၊ ယားလည်း ဒုက္ခသစ္စာ၊ နာလည်း ဒုက္ခသစ္စာ၊ စားတဲ့စိတ်ကလေးပေါ်လာရင်. . . (ဒုက္ခသစ္စာ ပါဘုရား)။

## လေးလေးစားစားသာမှတ်လိုက်ပါ

အေး. . . စားတဲ့စိတ်ကလေးကို (ဒုက္ခသစ္စာပါ ဘုရား)။ ကုသိုလ်လေးပြုချင်တဲ့စိတ်ကို. . . (ဒုက္ခသစ္စာပါ ဘုရား) မေတ္တာလေး ပို့ချင်တဲ့စိတ်ကို. . . (ဒုက္ခသစ္စာပါ ဘုရား)။

ဒါ ဒုက္ခသစ္စာကြီး ပေါ်တာ ဒုက္ခသစ္စာလို့ ဘုန်းကြီး တို့ ဒကာ ဒကာမတွေက လေးလေးစားစားသာ မှတ်လိုက် (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာကြောင့်တုံးဆိုတော့ ခန္ဓာငါးပါးဟာ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခန္ဓာငါးပါး. . . (မှန်လှပါ့ဘုရား) ဘာသစ္စာ တုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အဲတော့ ကိုယ့်ခန္ဓာကြီး ဒုက္ခသစ္စာဆိုကတည်းကိုက ဩော်. . . ငါ သစ္စာသိပြီ. . . (မှန်လှပါဘုရား) ငါ သစ္စာ သိပြီလို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

ထမင်းစားချင်တယ်၊ စားချင်တဲ့စိတ်ကလေးလာ လည်း. . . (ဒုက္ခသစ္စာလို့ မှတ်ရမှာပါဘုရား)၊ ဝ, လာတဲ့ အခါ၊ ဝ, လို့ ပျို့တာအန်တာ ဖြစ်လာတာဘာတုံး (ဒုက္ခသစ္စာ ပါဘုရား)။

ဝလာလို့ အရင်ထမင်းတွေက အစာသစ်၊ နောက် အစာဟောင်းတွေက အရင်စားထားတဲ့ အစာဟောင်းတွေက ကျင်ကြီးကျင်ငယ် စွန့်ချင်တော့ ဘာသစ္စာတုံး. . . (ဒုက္ခ သစ္စာပါဘုရား)။

သွားရ၊ လာရတာကော ဘာသစ္စာတုံး. . . (ဒုက္ခ သစ္စာပါဘုရား)။

အဲတော့ ဒီခန္ဓာထဲမှာပဲတွေ့တယ်. . . (မှန်လှပါ ဘုရား) ဒကာ ဒကာမတို့ တခြားမှာ တွေ့သေးလား. . . (မတွေ့တော့ပါဘူးဘုရား)။

အဲဒါကြောင့် ဒီခန္ဓာငါးပါးထဲက ဘာပဲပေါ်ပေါ် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) အိုး. . . ဘယ်အချိန်များ ပေါ်ပါလိမ့်မတုံးဆိုတာ ကြည့်လိုက် ပစ္စုပ္ပန် (မှန်လှပါဘုရား)။

မသေခင် ပေါ်တယ်. . . (မှန်လှပါဘုရား) ဒကာ ဒကာမတို့ မသေခင်ပေါ်ပြီး ဘာတဲ့. . . (ပျောက်ပါတယ် ဘုရား)။ ဒါ ပစ္စုပ္ပန်အကျိုးတွေ. . . (မှန်လှပါဘုရား)။

ဒါကြောင့် အကျိုးဖြစ်သောကြောင့် ဝိပါကဝဋ်လို့ ဆိုလိုက်ပါတယ်. . . (မှန်လှပါဘုရား) ဒကာကြွယ် ကျေနပ် ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဩော်. . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သစ္စာ သိချင်တာက ဒီဘဝတွင် ကိစ္စပြီးစေချင်လို့. . . (မှန်လှပါ ဘုရား)။

## နတ်ပြည်မှတစ်ပါး ဘယ်မှမသွားဘူး

ကွာတဲ့သစ္စာ သိပြီးတဲ့ပုဂ္ဂိုလ်တွေ သုဂတိမှတစ်ပါး ဘယ်မှမသွားလို့ ဆိုတာကော ပေါ်ကြပလား. . . (ပေါ်ပါပြီ ဘုရား)။

အဲဒါကြောင့် ငါသေရင် ဘာများ ဖြစ်ဦးမှာပါလိမ့် မလဲဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်တော့မှ မတွေးနဲ့. . . (မှန်လှပါဘုရား)။

ဒို့ ခန္ဓာထဲက ပေါ်သ၍ ဒုက္ခသစ္စာသိပြီး သိတဲ့ ပုဂ္ဂိုလ်သေလို့ရှိရင် နတ်ရွာသုဂတိမှတစ်ပါး ဘယ်မှ မသွား ဘူးဆိုတာကို ကောန် ဆုံးဖြတ်ချက်ချ. . . (မှန်လှပါဘုရား)။ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

အားကိုးတရားလား၊ သစ္စာသိသေရင် သံသရာ မလည်ဘူးဆိုလျှက် ဟောတာဆိုတာလဲ ပေါ်ကြပလား. . . (ပေါ်ပါတယ်ဘုရား)။

## ဉာဏ်မျက်လုံးဖွင့်ပေးတဲ့လပြည့်နေ့

နေရာကျလိုက်တာ ဒကာ ဒကာမတို့ ဒီနေ့ သီတင်း ကျွတ်တဲ့နေ့ကြီးမှာ ဘုန်းကြီးများ ဒကာ ဒကာမတွေ ဉာဏ် မျက်လုံး ပွင့်ခဲ့တဲ့နေ့၊ လကလည်း ပြည့်တဲ့နေ့ ဒကာကြွယ် ရေ (မှန်လှပါဘုရား)။

မိမိဉာဏ်ကလည်း အလင်းရတဲ့နေ့ဆိုတော့ဖြင့် အလင်းတွေကို ဆုံတဲ့နေ့၊ ကြုံတဲ့နေ့ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘူးဘုရား)။

အဲဒါကြောင့် အဖိုးတန်လိုက်တဲ့ ဖြစ်ခြင်းမှ ဒကာ ဒကာမတွေ ပြောစရာမရှိပါဘူး. . . (မှန်လှပါဘုရား)။

ယခု ခန္ဓာကြီးဟာ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ ဘုရား) အင်း ဘယ်ကာလပါလိမ့်. . . (ပစ္စုပ္ပန် ကာလပါ

ဘုရား) ဪ. . . ပစ္စုပ္ပန်ဆိုတာ တခြားယူမနေနဲ့ တရားနာရင်းကို ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)။

ဪ. . . တရားနာရင်းကို နာတာလည်း ဒုက္ခသစ္စာ အိုက်တာကော. . . (ဒုက္ခသစ္စာပါဘုရား)။

အင်း. . . ကြည့်နေရတဲ့ မျက်လုံး ကလေးကကော (ဒုက္ခသစ္စာပါဘုရား) အင်း ဒုက္ခသစ္စာချည်ပဲ သူတို့ ကြည့်လိုက်၊ ပျက်လိုက်၊ ကြည့်လိုက်၊ ပျက်လိုက်၊ ကြည့်လိုက် ပျက်လိုက်၊ မောင်ဘသော် ဒါက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဦးလှဘူးရေ. . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာမှ တစ်ပါး ခန္ဓာထဲက ဘာပေါ်သေးတုံး. . . (ဘာမှ မပေါ်ပါဘူးဘုရား)။

## အသုဘကြီးတစ်ခုရှိတယ်ဆိုကြပါစို့

အဲ ဒကာဒကာမတို့ မယုံလို့ရှိရင် အလောင်းကောင် အသုဘကြီးတစ်ခုကို အိမ်ပေါ်မှာ မလွှဲသာလို့ ထားတဲ့ ခုနစ်ရက် ထားမယ်ဆိုတဲ့ အသုဘတစ်ခုရှိတယ်ဆိုကြပါစို့ (မှန်လှပါ)။

ဒီ အသုဘကြီးထဲက ဘာတွေ ထွက်လာသတုံးလို့ မေးတဲ့အခါ နားထဲက ထွက်လာလည်း သုဘထွက်မလား၊ အသုဘထွက်မလား. . . (အသုဘထွက်မှာပါဘုရား)။

ပါးစပ်ထဲက အရည်တွေ ထွက်လာလို့ရှိရင်လည်း သုဘလား၊ အသုဘလား. . . (အသုဘပါဘုရား)၊ နဂိုက ဘာမို့ ဘာထွက်လာတာတုံး. . . (အသုဘမို့ အသုဘ ထွက်လာတာပါဘုရား)၊

အင်း ဒီမှာလည်း ခန္ဓာကိုယ်ထဲက ဒါဘာသစ္စာ ပါလိမ့်၊ (ဒုက္ခသစ္စာပါဘုရား)၊ သူက ဘာထွက်လာလာ ဘာသစ္စာဆိုမတုံး. . . (ဒုက္ခသစ္စာပါ ဘုရား)။

ဟော ဒကာကြွယ် နေရာကျပြီ. . . (ကျပါတယ် ဘုရား)။

အသုဘကြီးထဲက ဘာ ကျင်ကြီးထွက်လာ၊ ကျင်ငယ် ထွက်လာ၊ ချွေးထွက်လာလိုက်၊ ပြည်တွေထွက်လာလိုက်၊ အသုဘက အသုဘပဲ ထွက်လာတာပဲ. . . (မှန်လှပါဘုရား) ရှင်းကြလား. . . (ရှင်းပါပြီဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတွေ ခန္ဓာ ကိုယ်ကြီးက လှုပ်လိုက်လည်း အသုဘပဲ၊ ထိုင်နေတော့ကော. . . (အသု ဘပါဘုရား) ဒုက္ခသစ္စာပဲဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

အင်း ပြောတဲ့စိတ်ကလေးကကော. . . (ဒုက္ခသစ္စာ ပါဘုရား)။ အင်း ငြိမ်နေတဲ့ စိတ်ကလေးကကော. . . (ဒုက္ခ သစ္စာပါဘုရား) ကြံနေတဲ့စိတ်ကလေးကကော. . . (ဒုက္ခ သစ္စာပါဘုရား)။

ဩော် ဒါဖြင့် ဒကာ ဒကာမတို့ ဒီခန္ဓာကြီးဟာ ယခု ဘယ်ကာလမှာပေါ်တုံး. . . (ပစ္စုပ္ပန်ကာလမှာ ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ကာလမှာဒကာကြွယ် မှတ်လိုက်စမ်း၊ ပေါ်စိတ်ကလေးတွေပေါ် မြင်စိတ်ပေါ်ပေါ်၊ ကြားစိတ်ပေါ်ပေါ် ကြံစိတ်ပေါ်ပေါ်၊ တွေးစိတ်ပေါ်ပေါ်၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား) ဒါဖြင့် တပည့်တော်တို့ ဒုက္ခသစ္စာ မသိသေးဘူးဘုရားလို့ ဆိုကြမလား၊ ပေါ်ရာ ဒုက္ခသစ္စာလို့ သိပါပြီလို့ ဆိုကြမလား. . . (ပေါ်ရာ ဒုက္ခသစ္စာလို့ သိပါပြီဘုရား)။

## ဒီအသိနဲ့သေရင် အပါယ်မကျဘူး

ဒီ အသိလေးကို အင်မတန် အရေးတကြီး ပြောနေရတယ် (မှန်လှပါဘုရား) ဒီအသိလေးကို အင်မတန် အရေးတကြီးပြောနေတယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ဒီအသိနဲ့ သေရင် အပါယ်မကျဘူးဆိုတာလေးတစ်လုံးကို လက်ကိုင်ထားရမယ်. . . (မှန်လှပါဘုရား)။

ရောက်သည်နဲ့တစ်ပြိုင်နက်တည်း သောတာပန်တည်မယ်ဆိုတာလည်း အမှန် ဆုံးဖြတ်ချက်ချ. . . (မှန်လှပါ) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဒီအသိလေးကို ဒကာကြွယ် ဖိဟော နေရတယ် (မှန်လှပါဘုရား) အားလုံး ဒကာ ဒကာမတွေ ပျင်းကြပလား. . . (မပျင်းပါဘုရား)။

မပျင်းနဲ့ ဒီအသိရပြီးလို့ရှိရင်ဖြင့် သေချင်းဆိုး မရှိ တော့ဘူး. . . (မှန်လှပါဘုရား) ပေါ်ကြပလား. . . (ပေါ် ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဟာသည် ဝိပါကဝဋ် (မှန်လှပါ) ပစ္စုပ္ပန်အကျိုး. . . (မှန်လှပါ) သဘောကျပ လား. . . (ကျပါတယ်ဘုရား)။

ပစ္စုပ္ပန်ဆိုတာ ယခု. . . (မှန်ပါ့) အကျိုးဆိုတာ ဝိပါက် (မှန်လှပါဘုရား) ဒါဖြင့် ဒါ ဝိပါကဝဋ်ဆိုတာ သဘော ကျပလား. . . (ကျပါတယ်ဘုရား)။

ဒါ ဝိပါကဝဋ် ဒီထဲက ဘာပေါ်ပေါ် ဝိပါကဝဋ် (မှန်လှပါဘုရား) ဒါဖြင့် ဒီထဲ ဒကာ ဒကာမတွေ ဝဋ်ကျွတ် သလားတဲ့ ဝဋ်နဲ့အတူတူနေရတုန်းပဲလား. . . (ဝဋ်နဲ့ အတူတူ နေရတုန်းပါဘုရား)။

အဲ ဝဋ်နဲ့အတူတူ နေရတုန်းပါပဲဆိုတဲ့ ဥစ္စာဖြင့် ဒကာ ဒကာမတွေက သိပြီးသားဖြစ်နေတော့ ဒီထဲမှာ ဝိပါက ကိုယ့် အကျိုးပေးက ဒုက္ခချည့် အကျိုးပေးတာ ကိုးဆိုတာကော သိပလား. . . (သိပါပြီဘုရား)။

ကြားစိတ် ကလေးပေါ်လာတယ် မကြားချင်လို့ မရဘူး၊ ကြားတဲ့စိတ်တော့ ပေါ်လိုက်သေးတာပဲ. . . (မှန်ပါ့) အင်း အကျိုးပေးကိုဗျ. . . (မှန်လှပါဘုရား)။

ဘာသစ္စာလေးပေါ်လား. . . (ဒုက္ခသစ္စာလေး ပေါ်လာပါတယ်ဘုရား) ဩော်. . . ဟိုအိမ်က ကြော်တယ်၊ ဒီအိမ်က နံတဲ့စိတ်ကလေးကော မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အင်း မပေါ်ပါနဲ့ဆိုလို့. . . (မရပါဘူးဘုရား)။ အင်း ပေါ်ပြီးတော့ လာပြန်တော့ ခိုင်သလား၊ မြဲသလား၊ ဒုက္ခ ရောက်သွားသလား. . . (ဒုက္ခရောက်သွားပါတယ်ဘုရား)။

## တစ်ကိုယ်လုံး ပေါ်ပျောက်ချည်းရှိတယ်

ဒါဖြင့် ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဒကာ့ ဒကာမတွေ ခန္ဓာကိုယ်တစ်ကိုယ်လုံး ပေါ်ပျောက်ချည့် ရှိတယ်. . . (မှန်လှပါဘုရား)။

ပေါ်ပျောက်ဟူသ၍ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ ဘုရား ဒါဖြင့် ဒီခန္ဓာကိုယ်ထဲမှာ ဘာသာလျှင် အသုဘက အသုဘသာ ပြသတုံး ဒုက္ခခန္ဓာကြီးက ဒုက္ခသစ္စာပဲ ပေါ်ပြီး သကာလ ပြတယ်. . . (မှန်လှပါဘုရား)။

ဒုက္ခခန္ဓာက. . . (ဒုက္ခသစ္စာပြပါတယ်ဘုရား)။ ဒုက္ခသစ္စာပဲပြော. . . (မှန်လှပါ) ဒုက္ခသစ္စာပဲ ပြတယ်. . . (မှန်လှပါ) ရှင်းကြပလား. . . (ရှင်းပါတယ်ဘုရား)။

အေး. . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အလွန်အဖိုးတန်တဲ့ ဉာဏ်ထူး ဉာဏ်မြတ်ကြီး အပါယ်တံခါးပိတ်တဲ့ ဉာဏ်ထူး ဉာဏ်မြတ်ကြီး ဒကာကြွယ်တို့ ဦးလှဘူးတို့ မောင်ဘသော်တို့ သေသေချာချာရတယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အဲ ဒါဖြင့် ခန္ဓာထဲက ပေါ်တိုင်း ပေါ်တိုင်း ဒုက္ခသစ္စာ သိလုံးလေးက ဟောဒီနေရာကနေပြီး သိတယ်. . . (မှန်လှပါဘုရား)။

သိလုံးကလေးက ဒကာ ဒကာမတွေ အဝေးက မမြင်မှာစိုးလို့ ဒီနေရာက နေသိတယ်. . . (မှန်လှပါဘုရား)။

ဒီနေရာကနေသိတော့ အပြင်ဘက် ထွက်သေးရဲ့လား. . . (မထွက်တော့ပါဘူးဘုရား) မဂ်တွေ ဖြစ်သောကြောင့် မဂ်သည် ဒီအကြောင်းနဲ့ ဒီအကျိုး မဆက်ရအောင် ဖြတ်လိုက်သည်. . . (မှန်လှပါဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒီ ဝေဒနာ ပစ္စယာ တဏှာလာသေးရဲ့လား. . . (မလာတော့ပါဘူးဘုရား) ဝေဒနာပစ္စယာပညာ. . . (မှန်ပါ့ဘုရား) မဂ်လာတယ်. . . (လာပါတယ်ဘုရား)။

ဝေဒနာပစ္စယာ. . . (ပညာပါဘုရား)၊ ပညာဆို တော့ မဂ်က ဖြတ်ပေးလိုက်တယ်. . . (မှန်လှပါဘုရား) ဒကာကြွယ် ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## မဂ်ကဖြတ်လိုက်တယ်

မဂ်က ဖြတ်လိုက်တဲ့အတွက်တဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တဏှာ၊ ဥပါဒန်၊ ကံလာနိုင်သေးရဲ့လား. . . (မလာနိုင်ပါဘူးဘုရား)။

ဒါဖြင့် ဘာသစ္စာတုံး. . . (သမုဒယ သစ္စာပါ ဘုရား) လာသေးသလား၊ မလာတော့ဘူးလား. . . (မလာ တော့ပါဘုရား) မလာတာ သမုဒယသစ္စာ ချုပ်တယ်. . . (မှန်ပါ့ဘုရား)။

မလာရင်. . . (သမုဒယသစ္စာချုပ်ပါတယ်ဘုရား) သမုဒယသစ္စာ ချုပ်ပါပြီဆိုတာဖြင့် ဒကာကြွယ် သေသေ ချာချာပဲ ဘုရားစက်ဝိုင်း ဒေသနာတော်က ပြနေပါတယ် (မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စက်ဝိုင်း ကိုလည်း အလိုရှိသလို့ပဲ ခင်ဗျားတို့ ရနိုင်ပါတယ်. . . (မှန်လှပါဘုရား)။

အခုမရ နောက်ရမယ်ပေ့ါဗျာ. . . (မှန်လှပါဘုရား) ဘာမှလည်း မပူနဲ့ ဒီဥစ္စာ ငါနေ့တိုင်း ဒီစက်ဝိုင်း ဒေသနာကို ငါ့သန္တာန် ပေါ်သ၍ ငါ့ဉာဏ်နဲ့ ဖြတ်မယ်. . . (မှန်လှပါဘုရား)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကိုယ့် သန္တာန်ပေါ်တဲ့ ဒုက္ခသစ္စာကို၊ မဂ္ဂသစ္စာချည့်ပဲ ဉာဏ်နဲ့ အမြဲကြည့်ရင်၊ သမုဒယသစ္စာဆိုတဲ့ သုံးနံပါတ် အကွက်ဟာ ဒကာ ဒကာမတို့ မပြတ်ဘူးလား ပြတ်လား. . (ပြတ်ပါတယ်ဘုရား)။

သုံး နံပါတ်အကွက် ပြတ်တယ်ဆိုကတည်းက လေး နံပါတ်လာပါ့မလား. . . (မလာပါဘူးဘုရား)။

ဒါဖြင့် လေးနံပါတ် ဒုက္ခချုပ်တယ်. . . (မှန်လှပါဘုရား) လေးနံပါတ် ဒုက္ခသစ္စာ မချုပ်လား. . . (ချုပ်ပါတယ်ဘုရား)။

## သစ္စာသိရင်သံသရာပြတ်တယ်

အေး ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သစ္စာသိရင် သံသရာ ပြတ်တယ်ဆိုတော့။ ပထမ နှစ်နံပါတ် အကွက်ကို ဒကာ ဒကာမတို့ သိတဲ့ဉာဏ်လေးဟာ ဒီကနေပြီး သိလိုက်တော့ သံသရာ ရှည်သေးသလား၊ ဒီသမုဒယ သစ္စာ ပြတ်သလား၊ မပြတ်ဘူးလား. . . (ပြတ်ပါတယ်ဘုရား)။

နောက် ဒုက္ခလာသေးသလား. . . (မလာပါဘူး ဘုရား) ဩြော် သစ္စာသိလို့ သိတဲ့ဉာဏ်ကလေး ဒီနေရာ ဝင်လိုက်တာနဲ့ ဦးလှဘူး ဒီဉာဏ်ဝင်လိုက်တာနဲ့ သမုဒယ သစ္စာ တည်းဟူသော တရားပြတ်တယ်. . . (ပြတ်ပါတယ် ဘုရား)။

နောက်သံသရာ အားပေးတဲ့တရားပြတ်သည်. . . (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် နောက်သံသရာဆိုတဲ့ ခန္ဓာငါးပါး၊ ဒုက္ခသစ္စာ တရားပေါ်သေးရဲ့လား. . . (မပေါ်ပါဘူးဘုရား)၊ ကိုင်း ဘာကြောင့် နောက် သံသရာသည် ပြတ်ပါလိမ့် ဒကာ ဒကာမတို့ (မဂ်ပေါ်လို့ပါဘုရား)။

မဂ်ဟာ ဘာသိတာပါလိမ့်. . . (ဒုက္ခသစ္စာပါ ဘုရား) အဲ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိသောကြောင့်. . . (မှန်လှပါဘုရား) ဒီသံသရာကြီး အကုန်ပြတ်တယ်. . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီစက်ဝိုင်းကြီးဟာ ဒီလို လည်နိုင်သေးရဲ့လား. . . (မလည်နိုင်ပါဘူးဘုရား)။

## သစ္စာမသိတဲ့သူအတွက်စက်ဝိုင်း

ဩော်. . . ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်အတွက် ရေးထားတဲ့အဝိုင်း. . . (မှန်လှပါဘုရား) သစ္စာသိတဲ့ ပုဂ္ဂိုလ်မှာဖြင့်တဲ့ နှစ်ကနေ သုံးကူးသေးရဲ့လား. . . (မကူးတော့ပါဘူးဘုရား)။

တစ်ခါတည်း မဂ်ပေါ်လာတော့တာပဲ. . (မှန်လှပါဘုရား)။ ကဲ သစ္စာကသစ္စာ၊ သိတာက မဂ္ဂသစ္စာက ဖြတ်တာ (မှန်လှပါဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

အဲဒါတွေ သေသေချာချာ ဒကာ ဒကာမတွေက ကိုယ်တိုင် အမြင်နဲ့ ကိုယ်တိုင်သိတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ ငါသေသွားသော်လည်း ဆွမ်းမသွတ်နဲ့ဟော့လို့ မှာလိုက်. . . (မှန်လှပါဘုရား)။

ဒကာကြွယ် စကားကြီးသွားတယ်ထင်သလား. . . (မထင်ပါဘူးဘုရား) သစ္စာသိတဲ့ပုဂ္ဂိုလ် သံသရာပြတ်တယ် (မှန်လှပါဘုရား)။

သံသရာပြတ်တယ်ဆိုတာ အောက် အပါယ်လေးပါး ငရဲတိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ရောက်မှ ဆွမ်းသွတ် ရမှာကိုးဗျ (မှန်လှပါဘုရား)။

## သစ္စာသိရင်ဆွမ်းသွတ်စရာမရှိ

ခုတော့ သစ္စာသိတဲ့ ပုဂ္ဂိုလ်တွေ ဆွမ်းသွတ်စရာ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကွာ ဒီအလုပ် သိအောင်လုပ်ပါ. . . (မှန်ပါ့)။

သိလို့ရှိရင်လည်း အိမ်တိုင်းကို မှာခဲ့ပါ. . . (မှန်လှပါဘုရား) ငါသေရင် ဆွမ်းမသွတ်နဲ့ ဟေ့. . . (မှန်လှပါဘုရား)။

ဘယ်လိုမှာရမတုံး. . . (ငါသေရင် ဆွမ်းမသွတ်နဲ့ပါဘုရား) ဒကာကြွယ် ရဲပါ့မလား. . . (မရဲပါဘုရား)။

ရဲမှ၊ ရဲမှ၊ မရဲသေးရင် သစ္စာမသိသေးလို့. . . (မှန်လှပါဘုရား) မသေသေးလို့ရှိရင် ကိစ္စပြီးနိုင်သေးတယ်. . (မှန်လှဘုရား)။

အဲဒီလို မရဲသေးလို့ ရှိရင်ဖြင့် မသိ,သိအောင်လုပ်ပါ ဆိုတာကိုလည်း ဒုတိယတိုက်တွန်းလာပြန်တယ်. . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ ခန္ဓာထဲက ဘာပေါ်ပေါ် ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား) စားချင်တဲ့ စိတ်ပေါ်ရင်. . . (ဒုက္ခသစ္စာပါဘုရား) အိပ်ချင်တဲ့ စိတ်ပေါ်ရင်. . . (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာပဲ ဖြစ်ပြီးပျက်တာချည့်ပဲ မဟုတ်လား. . (ဟုတ်ပါတယ်ဘုရား)၊ အဲဒါကြောင့် ဖြစ်ပျက်က ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် သစ္စာသိပါသလား. . . (သိပါတယ်ဘုရား) ဒါဖြင့် အသိခံရတာက ဒုက္ခသစ္စာ၊ အသိဉာဏ်က ဘာတဲ့. . (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဆိုကတည်းက ဒကာ ဒကာမတို့ သုံးနံပါတ်တဏှာ၊ ဉပါဒါန်၊ ကံလာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

ဒီဘက်က ဇာတိ၊ ဇရာ၊ မရဏကော. . . (မလာပါဘူးဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ သံသရာ မပြတ်လား (ပြတ်ပါတယ်ဘုရား)။

အောက် သံသရာအကုန်ပြတ်တယ်ဆိုတာ သိပြီးသား ဖြစ်နေတော့ မောင်ဘသော်နဲ့ ဒကာ ဒကာမတွေရော အားလုံးမှာခဲ့ပါ. . . (မှန်လှပါဘုရား)။

## ငါသေရင်ဆွမ်းမသွတ်နဲ့

ငါကွာ သေတော့ သေရမဲ့ဉစ္စာ ဘယ်တော့ သေမယ်လို့တော့ မသိဘူးဟေ့၊ သေလို့ရှိရင်ဖြင့် ငါ့အတွက် ဆွမ်းမသွတ်ပါနဲ့လို့ မောင်ဘသော် မှာပါ. . . (မှန်လှပါဘုရား)။

ဦးလှဘူးမှာပါ မှာပါ. . . (မှာပါမယ်ဘုရား)။ ဒကာ ဒကာမတွေ ဘယ့်နှယ်တုံး. . . (မှာပါမယ်ဘုရား)။

မမှာလို့ရှိရင် ခင်ဗျားတို့ ခင်ဗျားတို့ ကိုယ်တိုင် ကြော်. . သံသရာ အောက်သံသရာလည်သေးလို့ပဲဆိုတာ ကိုယ့်ဟာကိုယ် စိတ်မချရတဲ့ သဘော မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

## သစ္စာသိရင်စိတ်ချတော့

သစ္စာ ခုသိပလား. . . (သိပါပြီဘုရား) သိရင် စိတ်ချတော့. . . (မှန်လှပါဘုရား) သိရင် စိတ်ချတော့ ပွား။ နောက်ကပွားပွားလေ သိလေ. . . (မှန်ပါ့)။

ကြာတော့ ဒီသစ္စာကို ဒုက္ခသစ္စာကို ဒကာ ဒကာမတို့ နင် နေရစ်တော့ဆိုပြီး ပရိညာနဲ့ ပိုင်းခြားပါလိမ့်မယ် (မှန်လှပါဘုရား)။

အဲဒီကျတော့ ပိုကောင်းတယ်. . . (မှန်လှပါဘုရား) ခုသိရုံလေးနဲ့တောင် ဒုတိယဘဝ ကိစ္စပြီးတယ်ဆိုတာ ဘုရား အသေအချာဟောသည်. . . (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့ ဒကာ ဦးလှဘူးတို့ မောင်ဘသော်တို့ သစ္စာသိဖို့ အရေးဟာ ခု ဆရာဘုန်းကြီး

အကွက်ချပြီး ပြောလိုက်တော့ သြော် ငါတို့ တစ်ကိုယ်လုံးဟာ ဒုက္ခသစ္စာမှတစ်ပါး ဘာမှ မရှိဘူး၊ ပေါ်ချင်တာပေါ် ငါဒုက္ခသစ္စာ ကြည့်မယ်လို့ ဆုံးဖြတ်ချက်ချ. . . (မှန်လှပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## မြန်မြန်ကြိုးစားပြီးမှတ်ပါ

ကိုင်း ဒကာ ဒကာမတွေ တရားကလည်း နာရီက ခေ့တော့မယ် မြန်မြန်ကြိုးစားပြီးမှတ်ပါနော်. . . (မှန်လှပါဘုရား)။ မြန်မြန်ကြိုးစားပြီး မှတ်ပါလို့ဆိုတာ ဆရာဘုန်းကြီးက အထူးတလည် မေတ္တာကြီး ကြီးကြီးနဲ့ပဲ တိုက်တွန်းပါတယ်. . . (မှန်လှပါဘုရား)။

ခန္ဓာကိုယ်ထဲက ယားရင် ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား) နာရင်. . . (ဒုက္ခသစ္စာပါဘုရား) ကောင်းရင်ကော. . . (ဒုက္ခသစ္စာပါဘုရား) ကြည့်မိအောင်လဲ ရှုလိုက်ကြပါနော်. . . (မှန်လှပါဘုရား)။

ဖြစ်ပျက်ဆိုတာ ယားတာလည်း ဖြစ်ပြီးပျက်၊ နာတာလည်း ဖြစ်ပြီးပျက်၊ ကောင်းတာလည်း ဖြစ်ပြီးပျက်တော့ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာချည့်ပဲလို့ ဒကာ ဒကာမတွေက ရှုလိုက်ပါ. . . (မှန်လှပါဘုရား)။

ရှုလိုက်တော့ကိုးတဲ့ ဒီခန္ဓာက ဖြစ်ပျက်. . . (မှန်လှပါဘုရား) ကြည့်တာက မင်္ဂ. . . (မင်္ဂပါဘုရား) မင်္ဂလာတော့ ဝိစိကိစ္ဆာတွေ၊ တဏှာ၊ ဥပါဒါန်၊ ကံလာသေးရဲ့လား. . . (မလာတော့ပါဘူးဘုရား)။

မလာတော့ သံသရာရှည် သေးသလား၊ ပြတ်သလား (ပြတ်ပါတယ်ဘုရား) ဒီတော့ ဇာတိဇရာ။ မရဏကော. . . (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် နောက်ဘဝ ခန္ဓာရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား) အဲ ဒီဘဝ ကိစ္စပြီးလုပ်နိုင်ရင်လည်း ဒကာကြွယ် နောက်ဘဝခန္ဓာမရှိဘူး. . . (မှန်လှပါဘုရား)။

မပြီးသေးလည်း မပူပါနဲ့တဲ့ ဒကာ ဒကာမတွေ သုဂတိရောက်ပြီး ရင်ခွင်ထဲရောက်ရင် သောတာပန်တည်မှာပါ. . . (မှန်ပါ့ဘုရား) ဉာဏ်ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ သေသေချာချာ ခင်ဗျားတို့ ခု အတိတ်ဘဝက ကိလေသဝဋ်နဲ့ ကမ္မဝဋ် လုပ်ခဲ့ကြတယ်၊ (မှန်လှပါဘုရား)။

ခု ခန္ဓာကြီးဟာ ဘာဝဋ်တဲ့ဗျာ. . . (ကိလေသဝဋ်) ဝိပါကဝဋ် အကျိုးပေးတာ. . . (မှန်လှပါဘုရား) အကျိုးပေးပြီး ဝဋ်သင့်နေတာ. . . (မှန်လှပါဘုရား)။

## ဝဋ်သင့်နေကြတာ

ဝဋ်သင့်နေတာတော့ မပြောနဲ့ ဟို ရွှေ့ရ ဒီပြောင်းရ ဆိုတာ ဒကာ ဒကာမတို့ အငြိမ်နေလို့ ရရဲ့လား. . . (မရပါဘူးဘုရား)။

ကျင်ကြီးကျင်ငယ် စွန့်ရတာက နားရတယ်လို့ရှိရဲ့လား (မရှိပါဘူးဘုရား)။ မရှိပါဘူးတဲ့ စားပြီးနား မဟုတ်သေးပဲ ခန္ဓာကိုယ်ကြီး အခွန်ဆက်ရတာကော အားရရဲ့လား. . . (အားမရပါဘူးဘုရား)။

ဒါ ဝဋ်သင့်နေတဲ့ ပုဂ္ဂိုလ်မို့ သူများကျွန်မခံရပဲနဲ့ ခန္ဓာကျွန် ခံနေရသောကြောင့် ဝဋ်သင့်နေတာ. . . (မှန်လှပါဘုရား)။

အင်း ဘယ်သူ့ကျွန်ခံရပါလိမ့်. . . (ခန္ဓာကျွန်ခံရပါတယ်ဘုရား) ခန္ဓာကျွန်ခံနေရသောကြောင့် ဝဋ်သင့်တဲ့ပုဂ္ဂိုလ် (မှန်လှပါဘုရား) မဆိုနိုင်သေးဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဘာဝဋ်သင့်ပါလိမ့်မေးရင် ဘယ့်နှယ့် ဖြေကြမယ် (ဝိပါကဝဋ်သင့်နေပါတယ်ဘုရား) ဝိပါကဝဋ်ဟာ ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ၊ ဝိပါကဝဋ်က ဒုက္ခသစ္စာဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက သိပြီးသား ဖြစ်သောကြောင့်

ဝိပါကဝဋ်ပေါ်ချင်တာပေါ် ပေါ်လာရင် ဘယ့်နှယ်ရှုကြမတုံး (ဒုက္ခသစ္စာလို့ ရှုရမှာပါဘုရား)။

ဒါဖြင့် ဝိပါကဝဋ်က ဒုက္ခသစ္စာ ရှုတာက. . . (မဂ္ဂသစ္စာပါဘုရား) သဘောပါပလား. . . (ပါပါတယ် ဘုရား)။

ဒါဖြင့် မဂ်ရပြီ. . . (မှန်ပါ့) ရှုတိုင်း ရှုတိုင်း မဂ်ရပြီ (မှန်လှပါဘုရား)။

ဒါက လောကီမဂ်ရသည်. . . (မှန်လှပါဘုရား) ဒကာကြွယ် ဘာမဂ်ရတုံး. . . (လောကီမဂ်ရပါပြီဘုရား)။

## လောကုတ္တရာမဂ်ရချင်ရင်

လောကုတ္တရာမဂ်ရချင်တော့ ဘယ့်နှယ်လုပ်ရမှာတုံး မေးဖို့ မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒါ မုန်းအောင်ရှု (မှန်လှပါဘုရား) ဒီဟာကြီး ဆုံးအောင်ရှု. . . (မှန်လှပါဘုရား)။

ဆုံးအောင်ရှုလိုက်တော့ ဒီက မဂ္ဂင်ရှစ်ပါးဖြစ်တော့ လောကုတ္တရာမဂ်ဖြစ်ပါတယ် (မှန်လှပါဘုရား) လောကုတ္တရာ မဂ်ဖြစ်တော့ ဒကာ ဒကာမတို့ အပါယ်လေးပါး ဒီတင် တံခါးပိတ်တယ်. . . (ပိတ်ပါတယ်ဘုရား)။

အကယ်၍ ပိတ်ပြီးသေသွားလို့ သုဂတိရောက်ရင် နတ်ပြည်ရောက်မှ ပိတ်မယ်. . . (မှန်လှပါဘုရား) အပါယ် လေးပါးတော့ ပိတ်တာချည့်ပေါ့ဗျာ. . . (မှန်လှပါဘုရား)။

သို့သော်လည်း တစ်ဘဝ ရွှေ့ရတယ်ဆိုရင်ဖြင့် ဒကာ ကြွယ် မကောင်းဘူးပေါ့ဗျာ. . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲက ဘာပေါ် ပေါ် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) သိတာက ဘာတုံး. . . (မဂ္ဂသစ္စာပါဘုရား) သေတာက ဘာသစ္စာ. . (သမုဒယသစ္စာပါဘုရား)။

နောက် ခန္ဓာ မလာတာက (နိရောဓသစ္စာပါဘုရား) အဲ. . . ဒုက္ခနိရောဓသစ္စာ နောက် မလာတာက. . . (ဒုက္ခ နိရောဓသစ္စာပါဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အရှုခံရတာက ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား) ဒီကြည့် ဒီခန္ဓာကြီး ခန္ဓာငါးပါးရတာက ဒါတွေ စုနေတော့ ဘာသစ္စာတဲ့ . . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ရှုတဲ့ဉာဏ်လေးက. . . (မဂ္ဂသစ္စာပါဘုရား) ဒီဉာဏ်လေးက ခု ဆရာပေးလို့ ရှုလိုက်ပြီ (မှန်လှပါဘုရား)။

ဒီဉာဏ်လေးက ဒီအကြောင်းကို မဖြတ်ဘူးလား. . (ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီက ဘာသစ္စာတုံး. . . (မဂ္ဂသစ္စာပါဘုရား) ဒီတရားတွေလာသေးရဲ့လား. . . (မလာပါဘူးဘုရား) မလာတာက သမုဒယသေတာ. . . (မှန်ပါ့ဘုရား)။

သမုဒယသေတော့ နောက်ခန္ဓာလာသေးရဲ့လား. . (မလာပါဘူးဘုရား) ဒါက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခနိရောဓသစ္စာ။

ဒုက္ခချုပ်တဲ့သစ္စာ. . . (မှန်လှပါဘုရား) သဘောပါပလား (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ရှုတတ်ကြပြီလား. . . (ရှုတတ်ပါပြီဘုရား) ဘယ်အချိန် ရှုမှာတုန်းလို့ မေးမနေနဲ့ ခန္ဓာကပြတဲ့အချိန် ရှုလိုက် (မှန်လှပါဘုရား)။

ဒကာကြွယ် ဘယ်အချိန် ရှုမှာပါလိမ့်. . . (ခန္ဓာကပြတဲ့အချိန် ရှုမှာပါဘုရား)။

ဒါဖြင့် ခန္ဓာက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား) သိတာက (မဂ္ဂသစ္စာပါဘုရား) သေတာက. . . (သမုဒယသစ္စာပါဘုရား) နောက် ခန္ဓာမလာတာက. . . (ဒုက္ခနိရောဓသစ္စာပါ ဘုရား) နိရောဓသစ္စာ။ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒီလောက်ဆိုရင် ဒကာ ဒကာမတို့ မသေရဲသေးဘူးလား. . . (သေရဲပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးက ယနေ့ ဘာတရားဟောတုံး လို့မေးရင် အနားယူပြီး ပြန်တဲ့သူက ဖြစ်စေ. . (မှန်လှပါ ဘုရား) ကိုယ့်ရပ်ကိုယ်ရွာပြန်တဲ့ပုဂ္ဂိုလ်ကဖြစ်စေ ဒို့ သပိတ် သွတ်လွတ်တဲ့ တရားဟော့လို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါ ဘုရား)။

## သပိတ်သွတ်လွတ်တရား

ဘာတရားဟောပါလိမ့်. . . (သပိတ်သွတ်လွတ် တရားဟောပါတယ်ဘုရား)။ သစ္စာသိရင် သပိတ်သွတ်လွတ် ပြီ. . . (မှန်လှပါဘုရား)။

သစ္စာသိရင်. . . (သပိတ်သွတ်လွတ်ပါပြီဘုရား) သပိတ်သွတ်ဆိုတာက သစ္စာမသိတဲ့ပုဂ္ဂိုလ် သေမှ ပြီတ္တာ ဖြစ်မယ်. . . (မှန်လှပါဘုရား)။ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဒါကြောင့် အားလုံး ဒကာ ဒကာမတွေ ငါသေရင် သပိတ်မသွတ်နဲ့လို့ အားလုံး မှာရဲပ့ါမလား. . . (မှာရဲပါ တယ်ဘုရား)။

မှာဖြစ်အောင်မှာပါ၊ သေမှ အရှက်ကွဲမခံပါနဲ့ (မှန်လှပါဘုရား)။

သေမှဘာတဲ့. . . (အရှက်ကွဲမခံပါနဲ့ဘုရား) ဩော် ငါ့အမေသေသွား၊ ငါ့အဖေသေသွား၊ ငါ့ညီသေသွားပြီ။

ပြိတ္တာများ ဖြစ်နေသလား မပြောတတ်ဘူးကွာ သပိတ်ကလေး သွတ်ကြဦးစို့. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သပိတ်သွတ်တဲ့ပုဂ္ဂိုလ်သည် ရည်ရွယ်ချက်က စိတ်ချလို့ သွတ်တာလား၊ စိတ်မချလို့ သွတ်တာလား. . . (စိတ်မချလို့သွတ်တာပါဘုရား)။

ဒါဖြင့် သေတဲ့လူက စိတ်ချရပါရဲ့သားနဲ့ နောက်လူက အရှက်ကွဲတော့ သေတဲ့လူ မနာဘူးလား. . . (နာပါတယ်ဘုရား)။

## ငါသေရင်သပိတ်မသွတ်နဲ့

ဒါဖြင့် ဒကာကြွယ် အရှက်ကွဲခံဦးမလား. . . (မခံပါဘူးဘုရား) မခံချင်ရင် ဘယ့်နှယ်မှာခဲ့မတုံး. . . (ငါသေရင် သပိတ်မသွတ်နဲ့ပါဘုရား)။

ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဒါဖြင့် ယနေ့ ဘာတရားဟောတုံး. . . (သပိတ်သွတ်လွတ်တရားပါဘုရား)။

သစ္စာသိရင် သပိတ်သွတ်လွတ်ပါတယ်. . . (မှန်လှပါဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကိုင်း နာရီကစေ့ပြီ

ယနေ့ ဒီတွင်တော်ကြစို့. . .

သာဓု . . . သာဓု . . . သာဓု . . . ။